

# လင်းယုန်သစ်လွင်

## လွန်ခဲ့ပြီးသောအမှု ဝတ္ထုတိုများ



mgyoe.com

စေတနာနှင့် ငွေအသပြာ

ပန်းချောင်းရေ

ခနုံးချောင်း

ရွှေမနိုင်ခင်လေး

ဥပဒေ

လွန်ခဲ့ပြီးသောအမှု

ကျိုက္ကမီ၏ ဇာတ်လမ်းတစ်ပုဒ်

မင်္ဂလာသတင်း၏ နောက်ဆက်တွဲ

ဘဝစက်ဝန်း ချာချာလည်. . . စသည့်

ဆရာကြီးလင်းယုန်သစ်လွင်၏

ဝတ္ထုတို ၉ ပုဒ်ပါဝင်သော ပေါင်းချုပ် အစီအစဉ်သစ်။

# လင်းယုန်သစ်လွင်

## လွန်ခဲ့ပြီးသောအမှု ဝတ္ထုတိုများ

ISBN 9789997119704
FIC155
9 789997 119704
2,200.00KS

mgyoe.com

mgyoe.com

လွန်ခဲ့ပြီးသောအမှု ဝတ္ထုတိုများ။ လင်းယုန်သစ်လွင်
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၁၃၅ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


– လင်းယုန်သစ်လွင်၏ ကိုယ်ရေးအကျဉ်း

၁။ စေတနာနှင့် ငွေအသပြာ ၁

၂။ ပန်းချောင်းရေ ၁၃

၃။ ခနုံးချောင်း ၂၁

၄။ ရွှေမနိုင်ခင်လေး ၃၄

၅။ ဥပဒေ ၇၃

၆။ လွှန်ခဲ့ပြီးသောအမှု ၈၄

၇။ ကျိုက္ကမိ၏ ဇာတ်လမ်းတစ်ပုဒ် ၉၆

၈။ မင်္ဂလာသတင်း၏ နောက်ဆက်တွဲ ၁၀၉

၉။ ဘဝစက်ဝန်း ချာချာလည် ၁၂၇


❐

mgyoe.com

mgyoe.com



## လင်းယုန်သစ်လွင်
(၁၉၁၇-၁၉၉၃)

ရောဝတီတိုင်း၊ ညောင်တုန်းမြို့တွင် အဖ–ကုန်သည်ကြီး ဦးဖိုးလူ၊ အမိ– ဒေါ်နှင်းဦးတို့က ၁၉၁၇ ခု၊ စက်တင်ဘာ ၉ ရက်တွင် ဖွားမြင်သည်။ အမည်ရင်း ဦးအေးမောင်။ ညောင်တုန်းမြို့ အစိုးရအထက်တန်းကျောင်းတွင် အဋ္ဌမတန်းထိ ပညာသင်ကြားခဲ့သည်။

စစ်မဖြစ်မီ မော်လမြိုင်မြို့မှထုတ်ဝေသော 'ခေါင်းဆောင်'သတင်းစာတွင် နယ်သတင်းထောက်။ ၁၉၄၇ ခုနှစ်တွင် 'ဟံသာဝတီ'နှင့် 'ဗမာ့ခေတ်'သတင်းစာတို့တွင် နယ်သတင်းထောက်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၉ ခုတွင် ရန်ကုန်မြို့သို့ ရောက်ရှိပြီး 'လင်းယုန် သတင်းစာ' တွင် အလုပ်သမားသတင်းထောက်အဖြစ် လုပ်ကိုင်ရင်း 'လင်းယုန်–သစ်လွင်' ကလောင်အမည် ခံယူခဲ့သည်။ လင်းယုန်ဂျာနယ်၊ ပြည်တော်သစ်ဂျာနယ်၊ လူထုဂျာနယ်၊ ရှုဒေါင့်ဂျာနယ်တို့တွင် အယ်ဒီတာအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၅၂ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ လုံးချင်းစာအုပ် ၆၆ အုပ် ရေးသားခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် 'သီတာသောင်ခြေဦး' လုံးချင်းဝတ္ထုဖြင့် အနုပညာစာပေ ဝတ္ထုရှည်ဆု။ ၁၉၆၈ ခုနှစ်တွင် 'ယိုးဒယားမြန်မာ မီးရထားလမ်း ကိုယ်တွေ့ချွေးတပ်မှတ်တမ်း' စာအုပ်ဖြင့် အမျိုးသားစာပေ စာပဒေသာ ဒုတိယဆု။ ၁၉၇၁ ခုနှစ်တွင် 'ဓမ္မဝိလာသ'စာအုပ်ဖြင့် အမျိုးသားစာပေ ဝတ္ထုရှည်ဆုတို့ ရရှိခဲ့သည်။ 'ယိုးဒယား–မြန်မာ မီးရထားလမ်း ကိုယ်တွေ့ချွေးတပ်မှတ်တမ်း'စာအုပ်ကို ဂျပန်နိုင်ငံ မိနိချိသတင်းစာတိုက်မှ ဂျပန်ဘာသာဖြင့် ပုံနှိပ်ထုတ်ဝေခဲ့သည်။

၁၉၅၇–၅၈ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ စာရေးဆရာအသင်း အလုပ်အမှုဆောင်အဖြစ် တာဝန်ယူခဲ့သည်။ ၁၉၉၃ ခု၊ ဩဂုတ်လ ၂၁ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။ ။

mgyoe.com

mgyoe.com



# စေတနာနှင့် ငွေအသပြာ

ဦးလူထွား၏ အိုပယ်လ်ကားသည် ကတ္တရာစေးလမ်းဘေးတစ်နေရာ အရောက်တွင် လေးလေးတွဲ့တွဲ့ ထိုးရပ်သွားလေ၏။

တစ်စုံတစ်ရာ မျှော်လင့်ရည်ရွယ်ချက်ဖြင့် ကားကို စိတ်အေးလက်အေး မောင်းနှင်ခြင်းပြုလာသော ဦးလူထွားမျက်နှာသည် ချက်ချင်းပင် သိသိသာသာ ပြောင်းလဲသွားတော့သည်။

ဦးလူထွားသည် ကားစက်ကို ပြန်နှိုးကြည့်သည်။ ဓာတ်ဆီလီဗာကိုလည်း စိတ်ဆိုးမာန်ဆိုးဖြင့် လေးငါးကြိမ်ထက်မနည်း ဆောင့်လျက် ဆောင့်လျက် နင်းလေသည်။

ကားစက်သံသည် တဂျီဂျီတဂျစ်ဂျစ် မြည်ဟည်းထွက်ပေါ်လာသည်မှအပ မည်သို့မျှ အကြောင်းမထူးခြားပါပေ။ မကြာခဏအတွင်း၌ပင် ကားစက်သည် ရပ်တန့်မြဲ ရပ်တန့်သွားလေသည်။

ထိုအခါမှ ဦးလူထွားသည် သူ့ကားတွင် ဇကန်ဇကေ ဓာတ်ဆီကုန်ခန်းနေပြီဖြစ်ကြောင်း သိရလေတော့သည်။

"တောက်..... အင်မတန် ပေါ့တဲ့ကောင်၊ ဘယ်တော့မှ အလုပ်ကို မရိုသေဘူး။ ကြည့်စမ်း ခုတော့ လမ်းမှာ ဓာတ်ဆီပြတ်နေပြီ"

ဦးလူထွားသည် ဒေါသတကြီး ရေရွတ်လေသည်။ သို့ရာတွင် ကားပေါ်၌မူ ဦးလူထွားမှလွဲ၍ မည်သူတစ်ဦးတစ်ယောက်မျှ မပါရှိပါချေ။

mgyoe.com

mgyoe.com


သူ့ဒရိုင်ဘာ မောင်တင်သည် နေ့လယ်ခင်း ၂ နာရီလောက်ကပင် ဇနီးဖြစ်သူ မီးဖွားနေကြောင်း အကြောင်းပြကာ အလုပ်တိုက်မှ ခွင့်ယူသွားလေသည်။

ထို့ကြောင့်လည်း ဦးလူထွားသည် အလုပ်တိုက်မှနေလျက် ကားကို ကိုယ်တိုင်မောင်းနှင်ခြင်းပြုကာ နေအိမ်သို့ ပြန်လာခဲ့ခြင်းပင် ဖြစ်လေသည်။

"ခွေးကောင်.... သိကြရောပေါ့ကွာ၊ မနက်ဖြန်မှ သင်းကို မှတ်လောက်သားလောက်ဖြစ်အောင် ပြင်းပြင်းထန်ထန် သတိပေးရမယ်။ သင်းတို့ အလုပ်သမားတွေဟာ လခတိုးတောင်းဖို့နဲ့ လမဆန်းသေးဘူး လခလိုချင်တာလောက်ပဲသိတယ်။ အလုပ်ကိုတော့ ဘယ်တော့မှမရိုသေဘူး"

ဦးလူထွားသည် ဒုတိယအကြိမ် ထပ်မံရေရွတ်ရင်းမှ ကားတံခါးကို ဖွင့်လျက် ဆင်းလိုက်လေသည်။ ပြီးလျှင် သူသည် ကားဘေးပတ်ဝန်းကျင် အနီးအနားတစ်ဝိုက်ကိုလည်း မျက်လုံးလှည့်ပတ်လျက် ကြည့်လိုက်လေသည်။

သူ့ကားသည် တကယ့်နေရာကောင်း ချက်ကောင်းတွင်မှ ဓာတ်ဆီကုန်ခန်းရခြင်းဖြစ်ကြောင်းကိုလည်း ချက်ချင်းပင် ဦးလူထွား သိလိုက်ရသည်။

"တောက်.... တကယ့်နေရာမှာမှ လာဖြစ်တာပဲ။ ငါကိုယ်တိုင်က ဒီအလုပ်သမားဆိုတဲ့ သတ္တဝါတွေကို ယုံစားမိတာမှားတာပဲ"

ပတ်ဝန်းကျင်တစ်ဝိုက်သည် အလွန်တရာ တိတ်ဆိတ်ငြိမ်သက်နေဟန် ရှိလေသည်။ ကုန်းမြင့်များပေါ်တွင် ကြီးမားခံ့ထည်သော အဆောက်အအုံကြီးများကို တွေ့ရသည်။ အချို့နေရာများမှာလည်း အလုံအခြုံ ပိတ်ဆို့ကာရံထားသော ခြံကြီးဝင်းကြီးများသာ ဖြစ်သည်။ ထိုနေရာများ၌လည်း လူရိပ်လူယောင်ဆို၍ တစ်စုံတစ်ယောက်ကိုမျှ မမြင်ရပါချေ။ အဆောက်အအုံများရှိရာသို့ သွားဖို့ရန်ဆိုသည်မှာလည်း သူရောက်ရှိနေသော ကတ္တရာစေးလမ်းနှင့် အင်မတန်မှ အလှမ်းဝေးလှလေသည်။

ဦးလူထွားသည် သူ့လက်မှ အိုမီဂါနာရီကို ကြည့်လိုက်သည်။ ၄ နာရီခွဲလေပြီ။

သူသည် အတော်ကြီးအကျပ်ရိုက်သွားသလို ဟင်းခနဲ သက်ပြင်းမှုတ်

mgyoe.com

mgyoe.com


လိုက်သည်။ ပိုးအပေါ်အင်္ကျီအိတ်ထဲမှ လက်ကိုင်ပဝါကိုထုတ်၍လည်း မျက်နှာပေါ်ရှိ အဆီပြန်နေသော ချွေးစေးများကို သုတ်လေသည်။

ဦးလူထွားသည် ကတ္တရာစေးလမ်း၏ တူရူကို လှမ်းမျှော်ကြည့်လိုက်သည်။ ဘာတစ်စုံတစ်ခုမှ မျှော်လင့်ချက်မရှိ။ မြင်မြင်သမျှသည် စိတ်ပျက်စရာနှင့် ဒေါသဖြစ်စရာတွေချည်း ဖြစ်နေသည်။

သည်နေရာက လူသူလေးပါး အသွားအလာရှင်းလင်းလှသည်။ ပြီးသော် ဤနေရာ ဤလမ်းတစ်လျှောက်သည် လိုင်းဘတ်စ်ကားများ ပြေးဆွဲနေသော လမ်းလည်း မဟုတ်ပါချေ။ သူကိုယ်တိုင်ကလည်း ကားကို စိတ်အေးလက်အေး မောင်းနှင်နိုင်ရန်အတွက် သည်လမ်းကိုမှ တမင်ရွေး၍ လာခဲ့ခြင်းဖြစ်သည်။

ကတ္တရာစေးလမ်းပေါ်တွင် ရံဖန်ရံခါ အရှိန်ပြင်းစွာ မောင်းနှင်သွားသည့် စစ်ကားကြီးများကို တွေ့ရသည်မှအပ သုံးဘီးကားငယ်များကိုလည်းကောင်း၊ ဆိုက်ကားယာဉ် စသည်များကိုလည်းကောင်း လုံး၀ မတွေ့ရပါချေ။ ထို့ကြောင့်လည်း ဦးလူထွားအဖို့ အကြံထုတ်၍ မရလောက်အောင် အခက်ကြုံရလေတော့သည်။

ဦးလူထွား၏ အလုပ်တိုက်မှာ ရန်ကုန်မြို့ထဲတွင် ဖြစ်လေသည်။ သူသည် အလှကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချနေသော နာမည်ကြီးအလှကုန်ထုတ်လုပ်ရေး ကုမ္ပဏီပိုင်ရှင်တစ်ဦး ဖြစ်သည်။ ပြီးလျှင် ဦးလူထွား၌ အခြားသော ဝင်ငွေကောင်းသည့် လုပ်ငန်းတစ်ခုလည်း ရှိသေးသည်။ ထိုလုပ်ငန်းမှာ စိန်ရွှေကျောက်မျက်ရတနာများကို အရောင်းအဝယ်လုပ်သော လုပ်ငန်းပင် ဖြစ်လေသည်။

ဤလုပ်ငန်းသည် ဦးလူထွားတို့ကဲ့သို့သော ပစ္စည်းချမ်းသာသည့် လူတန်းစားများလောက၌ ယခုတစ်လော ခေတ်စား တွင်ကျယ်နေသော လုပ်ငန်းတစ်ရပ် ဖြစ်လေသည်။

ပစ္စည်းဥစ္စာကြွယ်ဝသူများသည် ၎င်းတို့၏ လက်တွင်း၌ ငွေစက္ကူများကို မထားလိုကြသဖြင့် အဖိုးထိုက်တန်သော စိန်ရွှေလက်ဝတ်လက်စားများကို ပြောသလောက် ဈေးပေးလျက် ဝယ်ယူနေကြလေသည်။

ဤတွင် လူကုံထံလောက၌ သွားလာဝင်ထွက်လျက် လှည့်ပတ်ကျက်

mgyoe.com

mgyoe.com


စားနေသော ဦးလူထွားသည် အချို့ချို့သောပစ္စည်းများကို စပ်ကြားမှ ပွဲခစားနားရယူလျက် အရောင်းအဝယ်စေ့စပ်ပေးသည်။

အချို့သော ပစ္စည်းရတနာများကိုမူ သူကိုယ်တိုင် ဝယ်ယူလျက် တစ်ဆင့်ပြန်လည် ရောင်းချခြင်းပြုသည်။

ဤလုပ်ငန်းသည် ဦးလူထွားအဖို့ တစ်လတစ်လလျှင် ထောင်နှင့် သောင်းနှင့်ချီလျက် ဝင်ငွေရရှိသော အလုပ်တစ်ခုဖြစ်သည်။ ပြီးလျှင် ထိုအလုပ်က ပြောင်ပြောင်တင်းတင်းနှင့် တရားဝင်လုပ်ကိုင်သော အလုပ် တစ်ခုမဟုတ်ခြင်းကြောင့်လည်း တိုင်းပြည်၏ အခွန်ဘဏ္ဍာအတွက် အမြတ် တော်ကြေးပေးဆောင်ရသော အဖြစ်မှလည်း ဦးလူထွား လွတ်ကင်းရပေ သည်။

ယနေ့ညနေ ၅ နာရီတိတိ၌လည်း ဦးလူထွားသည် မိုးကုတ်မြို့မှ စိန်ရွှေရတနာများ ရောင်းချလိုသူတစ်ဦးအား သူ့တိုက်တွင် ချိန်းဆိုထားလေ သည်။ ပြီးနောက် အိန္ဒိယသို့ ပြန်တော့မည့်ဆဲဆဲ ရတနာများဝယ်ယူလိုသည့် ကုလားသူဌေးတစ်ဦးကိုလည်း စိန်ရွှေရတနာများ ရောင်းချရန်အတွက် ၆ နာရီတိတိတွင် ချိန်းဆိုထားလေသည်။

ဦးလူထွား၏ စိတ်ကူးအကြံအစည်မှာ မိုးကုတ်မြို့မှ ရောင်းလိုသူ၏ ရတနာပစ္စည်းများကို တွက်သားကိုက်ခဲ့လျှင် သူကိုယ်တိုင်ဝယ်ယူလျက် ကုလားအား တစ်ဆင့်ပြန်လည် ရောင်းချခြင်းပြုရန်နှင့် သူ့အတွက် တွက်ခြေမကိုက်ပါကလည်း ပွဲစားအဖြစ်နှင့် စေ့စပ်ပေးမည်ဟူသော ခွတုပ် မှုပင်ဖြစ်လေသည်။

ဤလို အရေးတကြီးကိစ္စရှိကာမှ လမ်းခုလတ်တွင် ကားက ဓာတ်ဆီ ကုန်သည့်အဖြစ်နှင့် ကြုံနေရသည့်အခါ ဦးလူထွားအဖို့ အတော်ပင် စိတ်အနှောင့်အယှက် ဖြစ်မိလေသည်။

နေအိမ်တွင် သူဌေးကတော် ဒေါ်မိမိကြီးနှင့် သားများ၊ သမီးများ ရှိသော်လည်း ဤလို အရောင်းအဝယ်လုပ်ငန်းအတွက် ဘယ်သူ့ကိုမှ ဦးလူထွား အထင်မကြီးပါပေ။ ယခုလိုအခြေအနေကို သုံးသပ်လျက် လုပ်ကိုင်ဆောင်ရွက်ရမည့် စီးပွားရေးကိစ္စမျိုးတွင် သူ့ကိုယ်သူသာလျှင် ဦးလူထွား စိတ်ချလက်ချရှိလေသည်။

mgyoe.com

mgyoe.com


ဦးလူထွားသည် ကြံရာမရသလို သူ့ခေါင်းကို တစ်ချက်ကုတ်လျက် ကားတံခါးကိုဆောင့်၍ ပိတ်လိုက်သည်။ ယခုလို အနှောင့်အယှက်ဖြစ်ရသည့် အတွက် ဒရိုင်ဘာ မောင်တင်ကိုလည်း သတ်ပစ်ချင်လောက်အောင် ဖြစ်မိလေသည်။

စစ်ကားကြီးနှစ်စီးသည် ရဲဘော်များကို အပြည့်တင်ဆောင်လျက် သူ့ကားဘေးမှ အရှိန်ပြင်းစွာ မောင်းနှင်သွားသည်။ ထိုအဖြစ်ကိုကြည့်ကာ ဦးလူထွားသည် အလိုလိုနေရင်း ဒေါသဖြစ်လိုက်မိပြန်သည်။

ထိုအခိုက် သူ့နောက်ပိုင်းခပ်လှမ်းလှမ်းမှ စကားသံများကို ဦးလူထွား ကြားလိုက်ရသဖြင့် အသံလာရာဘက်သို့ ချာခနဲ လှည့်ကြည့်လိုက်သည်။ သူသည် သိန်းထီပေါက်သလောက် ဝမ်းသာမိလေသည်။

လူရွယ်သုံးယောက်သည် စကားတပြောပြောနှင့် ဦးလူထွားရှိရာ ဘက်သို့ ကတ္တရာစေးလမ်းအတိုင်း လျှောက်လာနေကြသည်။ သူတို့ကို ကြည့်ရသည်မှာ အလုပ်သမားပင် ဖြစ်လိမ့်မည်ဟု ဦးလူထွား အကဲခတ်မိလေသည်။

မကြာလှပါပေ။ လူရွယ်သုံးယောက်သည် သူ့ကားနှင့် သုံးလေးကိုက် အကွာအရောက် လမ်းချိုးငယ်တစ်ခုအတွင်းသို့ ချိုးကွေ့၍ ဝင်စပြုလေသည်။

"ဒီမယ်.... ဒီမယ်။ မောင်ရင်တို့ ခဏလေးကွယ်"

ဦးလူထွား၏ အသံကြောင့် လူရွယ်သုံးယောက်သည် ခြေလှမ်းများ တုံ့ဆိုင်းသွားကြသည်။

"ဦးကို တစ်ဆိတ်လောက် အကူအညီလေးပေးကြပါလားကွယ်။ စေတနာလုပ်အားဆိုပါတော့"

ဦးလူထွားသည် လူရွယ်သုံးယောက်အနီးသို့ လျှောက်သွားပြီးနောက် ပြောလေသည်။

"ခင်ဗျာ.... ဘယ်လိုအကူအညီပါလဲ ဦး"

လူရွယ်သုံးယောက်အနက် တစ်ယောက်က မေးလေသည်။

"သွားရင်းလာရင်းနဲ့ ဦးရဲ့ကားမှာ ဓာတ်ဆီကုန်သွားလို့ကွယ်။ အဲဒါ တစ်ဆိတ်ကလေး အကူအညီပေးစေချင်တယ်။ ဓာတ်ဆီဆိုင်များ ဒီအနီးအနားမှာ ရှိမယ်ဆိုရင်...."

mgyoe.com

ဦးလူထွားက ပြောလေသည်။ ထိုစကားကို ဦးလူထွားပြောမည့်သာ ပြောရသည်။ ဤနေရာအနီးတစ်ဝိုက်တွင် ဓာတ်ဆီဆိုင်ဟူ၍မရှိကြောင်း ဦးလူထွား သိပြီးပင်ဖြစ်သည်။

"ဓာတ်ဆီဆိုင်.... ဟုတ်လားခင်ဗျ။ ဓာတ်ဆီဆိုင်က ဒီအနီးအနားမှာတော့ လုံးဝ မရှိပါဘူးခင်ဗျာ။ ဟိုကန်တော်ကြီးထောင့်လောက်မှာမှ ရှိပါတယ်။ ဒီကနေဆိုရင် တစ်မိုင်ခွဲသာသာထက် မအောက်ဘူးခင်ဗျ"

ပထမစကားပြောသော လူရွယ်ကပင် ပြောလေသည်။

"ဦးမှာ အင်မတန်အရေးကြီးတဲ့ ကိစ္စတစ်ခု ရှိနေပါတယ်ကွယ်။ တစ်ဆိတ်လောက်များ မောင်ရင်တို့သုံးယောက်က ကူညီပေးနိုင်ကြမယ်ဆိုရင်...."

လူရွယ်သုံးယောက်သည် အတန်ကြာတွေနေသည်။ ပြီးမှ ခပ်စောစောက လူရွယ်ကပင် "ကျွန်တော်တို့ ကူညီဖို့တော့ ဝန်မလေးပါဘူးခင်ဗျ။ ဒါပေမဲ့ ကျွန်တော်တို့က အစိုးရဂိုဒေါင်ဆောက်နေတဲ့ အလုပ်သမားတွေပါ။ ဂိုဒေါင်က ဟိုအတွင်းဘက်မှာခင်ဗျ။ ကျွန်တော်တို့အလုပ်က ၅ နာရီမှ ပြီးပါတယ်" ဟု ပြောလေသည်။

ဦးလူထွားသည် သူ့လက်မှနာရီကို ကြည့်ပြန်သည်။ ၅ နာရီထိုးရန် မိနစ်အစိတ်ခန့် လိုသေးသည်။

သူသည် တစ်စုံတစ်ခုကို တွေးလိုက်မိသည်။ အိမ်ကို ဖုန်းဆက်လျက် အကြောင်းကြားရန်ပင် ဖြစ်သည်။ ဤအကြံမှာ အကောင်းဆုံးဖြစ်လေသည်။ ဖုန်းဆက်၍ ပြောလိုက်လျှင် သူ့သား မောင်မောင်ကြီးသည် ခြံနားနီးချင်းတစ်ဦးထံမှ ကားကို ခေတ္တငှားရမ်းလျက် သူရှိနေသည့်အရပ်သို့ မိနစ်နှစ်ဆယ် အစိတ် အချိန်ခန့်၌ပင် အရောက်လာနိုင်ပေလိမ့်မည်။

"ဒီလိုဆိုရင် အနီးအနားမှာ ဖုန်းဆက်နိုင်ဖို့များ မရှိဘူးလားကွဲ့"

"ဖုန်းဆက်ဖို့ ဟုတ်လားခင်ဗျ"

လူရွယ်သည် ခေါင်းကိုကုတ်၍ တွေးလေသည်။

"ဟိုဒင်းကွယ်.... အများပြည်သူသုံးတဲ့ ဖုန်းပဲဖြစ်ဖြစ်ပေါ့"

"သြော်.... ရှိတယ်ခင်ဗျာ၊ ရှိပါတယ်။ ဟောဒီတည့်တည့်ပဲ လျှောက်သွားပါ။ လမ်းထိပ်နားရောက်တော့ တွေ့ပါလိမ့်မယ်"

mgyoe.com

mgyoe.com


ဦးလူထွားအဖို့ အလွန်တရာ ဝမ်းသာသွားတော့သည်။ သို့ရာတွင် ဖုန်းအဆက်အသွယ်ပြုနိုင်သည့် နေရာကို သွားရန်အတွက် သူ့ကားကိုလည်း ပစ်မထားခဲ့ချင်ပါချေ။

"ကျေးဇူးပဲ မောင်ရင်၊ ဒါပေမဲ့ ဦးကိုတော့ ကူညီလက်စနဲ့ ကူညီပါဦးကွယ်။ ဦးရဲ့ကားကို တစ်ဆိတ်လောက် စောင့်ကြည့်ပေးစေချင်တယ်"

"သွားပါခင်ဗျာ.... စိတ်ချလက်ချသွားပါ။ ကျွန်တော် စောင့်ပေးပါ့မယ်။ ကဲ.... မင်းတို့နှစ်ယောက် အလုပ်ခွင်ကို သွားနှင့်ကြဟေ့"

ခပ်စောစောက လူရွယ်ကပင် ဦးလူထွားကိုပြောရာမှ သူ့အဖော်နှစ်ယောက်ကိုလည်း လှည့်၍ ပြောလိုက်လေသည်။

ဤသို့နှင့် ဦးလူထွားက လမ်းထိပ် တယ်လီဖုန်းအဆက်အသွယ်ပြုလုပ်နိုင်မည့်နေရာသို့ ထွက်ခွာသွားလျက် လူရွယ်အလုပ်သမားနှစ်ယောက်မှာလည်း ဂိုဒေါင်အဆောက်အအုံရှိရာ လမ်းချိုးကလေးအတွင်းသို့ ဝင်ရောက်သွားကြလေသည်။

* * *

ဦးလူထွားသည် ခြေလှမ်းခပ်သွက်သွက်ဖြင့် လမ်းထိပ်ရှိရာသို့ လျှောက်လေသည်။

အများပြည်သူတို့ အရေးအကြောင်းရှိလျှင် အလွယ်တကူသုံးနိုင်ရန် တပ်ဆင်ပေးထားသော တယ်လီဖုန်းရုံ အဆောက်အအုံကလေးမှာ လမ်းထိပ်တွင် ရှိသည်မှန်သော်လည်း ဦးလူထွား ကားရပ်ထားရသောနေရာနှင့်မူ တစ်ဖာလုံသာသာ နှစ်ဖာလုံနီးနီး အကွာအဝေးတွင် ဖြစ်လေသည်။

ဦးလူထွားသည် ခြေလှမ်းကျဲကျဲနှင့် လျှောက်နေဆဲဖြစ်လေသည်။ မကြာမီ သူသည် ခပ်လှမ်းလှမ်းမှနေ၍ တယ်လီဖုန်းရုံကလေးကို မြင်လိုက်ရလေသည်။

ဦးလူထွားမှာ အလွန်တရာ ဝမ်းသာသွားလေသည်။ စိတ်ဓာတ်များတက်ကြွလျက် ခပ်စောစောကထက်ပို၍ ခြေလှမ်းသွက်သွက်လျှောက်လေသည်။

ဤသို့နှင့် တယ်လီဖုန်းရုံကလေးအနီးသို့ ဦးလူထွား ချဉ်းကပ်လိုက်

mgyoe.com

mgyoe.com

မိသည်။

"ဟယ်...."

တယ်လီဖုန်းရုံကလေး၏ တံခါးရွက်ကို လက်ထောက်ရင်းမှ ဦးလူထွား အာမေဋိတ်ပြုလိုက်လေသည်။

သူ့ရင်ထဲတွင်လည်း နင့်ခနဲ ဖြစ်လိုက်ရသည်။ လူတစ်ကိုယ်လုံးမှာလည်း အဆမတန် ပင်ပန်းနွမ်းနယ်သွားလေသည်။

"တောက်.... အင်မတန်မသမာတဲ့ လူတွေပါကလား။ အရေးရယ်၊ အကြောင်းရယ်ရှိရင် အများပြည်သူသုံးနိုင်အောင် တပ်ဆင်ထားတဲ့ ဖုန်းကိုများ သင်းတို့မို့ စည်းမဲ့ကမ်းမဲ့...."

ဦးလူထွားသည် ထိုရေရွတ်ညည်းတွားမှုကိုလည်း ပြီးဆုံးအောင် မပြုနိုင်ပါပေ။ တစ်စုံတစ်ခုသော အတွေးအတောကြောင့် သူ့တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ခိုက်သွားတော့သည်။

သူသည် ဦးခေါင်းငိုက်စိုက်ချလျက် ကားရှိရာသို့ ပြန်လျှောက်ခဲ့သည်။ သို့ရာတွင် သူ့ခြေလှမ်းများသည် အလွန်တရာ လေးလံနေပေသည်။ သူ၏ အတွေးစိတ်များကိုလည်း တစ်စုံတစ်ခုသောအကြောင်းက ဖမ်းဆီးချုပ်နှောင်ထားလေသည်။

"အများပြည်သူတွေ အလွယ်တကူ အသုံးပြုဖို့ထားတဲ့ဖုန်းကို ခုလိုဖြုတ်ယူတာမြင်ရတော့ ကျွန်တော့်စိတ်ထဲက မကောင်းလွန်းလို့ပါ ဆရာ။ ဒါကြောင့် ကားရပ်ပြီး ဒီကောင်တွေကို ဆင်းလိုက်မလားလို့ပါ"

ဒရိုင်ဘာမောင်တင်၏ အသံသည် ဦးလူထွားနားတွင်းသို့ မိုးကြိုးပစ်သလို ဝင်ရောက်လာလေသည်။

ဤအဖြစ်က သိပ်ကြာလှသေးသည်တော့ မဟုတ်ပါပေ။ အလွန်ဆုံး တစ်ပတ်ခန့်လောက်သာ ရှိပေလိမ့်ဦးမည်။

တစ်နေ့ ဦးလူထွားနှင့် မောင်တင်တို့ အလုပ်တိုက်မှအပြန်တွင် ကန်တော်ကလေးဘက် တစ်နေရာအရောက်မှာ လမ်းသရဲဆန်ဆန် ဝတ်စားထားသော လူရွယ်နှစ်ယောက်သည် အများသုံးဖုန်းခွက်တစ်ခုကို ဖြုတ်ခိုးခြင်းပြုကြခိုက် သူတို့ကားနှင့် ပက်ပင်းတိုးတော့သည်။

ဤတွင် ဒရိုင်ဘာမောင်တင်က ကားကို လမ်းဘေးသို့ ထိုးရပ်လိုက်ပြီး

mgyoe.com

mgyoe.com

ကားထက်မှ ဆင်းတော့မည်ပြုလိုက်သည်။

"ဟော့ကောင်.... ဟော့ကောင်၊ ဒါက ဘယ်ကိုလဲ၊ ဘာလုပ်တာလဲကွ ဟင်"

ကားနောက်ပိုင်းမှ ဦးလူထွားက ကြိမ်းမောင်းလိုက်သည်။

'ဟိုမယ် ဆရာ၊ အများသုံးဖို့ထားတဲ့ဖုန်းကို ဖြုတ်ယူလာတယ်။ အဲဒါ စိတ်မကောင်းလွန်းလို့ပါ ဆရာ။ ဒါကြောင့် ကားရပ်ပြီး...."

"အံမယ်.... အံမယ် မင်းက တယ်ဟုတ်တဲ့ကောင်ပါလားကွ ဟေ။ မင်းက တယ်ပြီး လူစွာလုပ်ချင်ပါလား။ အဲဒါ မင်းအလုပ် မင်းအရေးလားကွ။ မောင်း..... မောင်း။ ကားကို ရှေ့ဆက်မောင်း။ မင်းလုပ်ပုံမျိုးနဲ့တော့ ငါ့ကား နံပါတ်ကို မှတ်ထားပြီး တစ်နေ့နေ့ ပုလင်းပစ်၊ ခဲပစ်ခံရမှာ သေချာတယ်။ သိပ်ဟုတ်တဲ့ကောင်ပဲကွာ"

ဦးလူထွားသည် ဟိုစဉ်အခါက သူပြောခဲ့သော စကားများကိုလည်း ပြန်လည်ကာ ကြားယောင်နေမိလေသည်။

"ဖုန်းပြောလို့ ရခဲ့လားခင်ဗျ"

ဦးခေါင်းငိုက်စိုက်ချလျက် အဘယ်မျှ သူ တွေးတောလာခဲ့သည်မသိ။ ထိုအသံကိုကြားမှပင် ဦးလူထွား ခြေလှမ်းတုံ့လျက် သူ့ခေါင်းကို မော့လိုက်ရသည်။

"အင်း.... အများသုံးဖုန်းက လူဖြုတ်ခိုးသွားလို့ မရှိတော့ဘူး သူငယ်"

ဦးလူထွား၏ ကားအနီးတွင် ခပ်စောစောက စောင့်ကျန်ရစ်သော လူရွယ်တစ်ယောက်တည်း မဟုတ်တော့ပါချေ။ ထိုလူရွယ်၏ အဖော်များ ဖြစ်ကြသော အလုပ်သမားတစ်ကျိပ်ကျော်ကျော်လောက်ကိုလည်း ဦးလူထွား တွေ့လိုက်ရသည်။

သူတို့ သူတို့ အားလုံးထဲတွင် ထိုလူရွယ်မှာ အသွက်လက်ဆုံးနှင့် ရည်မွန်ပြတ်သားသော အင်္ဂါရပ်ဖြစ်သည်ကိုလည်း ဦးလူထွား အသိအမှတ် ပြုလိုက်မိပေသည်။

"ဒီလိုဆိုရင် ဓာတ်ဆီဆိုင်အရောက် ကျွန်တော်တို့တစ်တွေ ဝိုင်းတွန်း ပေးမယ်လေ.... ဦးကားပေါ် ဦးတက်ပေတော့"

"ကျေးဇူးပါပဲ မောင်ရင်တို့ရယ်"
mgyoe.com

သို့နှင့်သာ ဦးလူထွားနှင့် သူ၏ အိုပယ်လ်ကားသည် ကန်တော်ကြီး စောင်းတစ်နေရာရှိ ဓာတ်ဆီဆိုင်သို့ ချောချောမောမော ရောက်ရှိခဲ့လေသည်။

"မောင်တို့ကို အင်မတန် ကျေးဇူးတင်တယ်ဟေ့။ ကဲ.... မောင်ရင်တို့ အားလုံး ဈေးသုံးဖို့အတွက် ဦးက"

ဦးလူထွားသည် သူ့အိတ်ထဲမှ ငွေစက္ကူအထပ်ကြီးတစ်ထပ်ကို ဆွဲထုတ်လိုက်ပြီးနောက် ငွေစက္ကူနှစ်ဆယ်တန်တစ်ရွက်ကို ခေါင်းဆောင် လူငယ်၏ လက်သို့ လှမ်းပေးလေသည်။

ခေါင်းဆောင်လူရွယ်သည် တောက်ပသောအပြုံးဖြင့် ဦးလူထွား မျက်နှာကို စူးစိုက်ကြည့်သည်။ ပြီးလျှင် လူရွယ်က ဣန္ဒြေရရစကားဆိုသည်။

"နေပါစေဦး၊ ကျွန်တော်တို့အားလုံးဟာ ပြည်သူပိုင်ဂိုဒေါင်ကို ဆောက်နေကြတဲ့ ပြည်သူ့အလုပ်သမားတွေပါ။ ဦးရဲ့ အခက်အခဲကိုလည်း တကယ့်စေတနာနဲ့ ကျွန်တော်တို့ ကူညီကြတာပါ။ ငွေကြေးအတွက် မျှော်လင့်ပြီး ကူညီကြတာမဟုတ်ပါဘူး ခင်ဗျာ။ ကဲ.... လာကြဟေ့ သွားကြ မယ်။ ကျွန်တော်တို့ကို ခွင့်ပြုပါခင်ဗျာ"

လူရွယ်သည် ဦးလူထွားကို နှုတ်ဆက်ပြီးနောက် သူ့အဖော်များကို လည်း စုရုံးခေါ်ငင်ကာ ဓာတ်ဆီဆိုင်ရှေ့မှ ထွက်ခွာ၍ သွားကြလေသည်။

* * *

ဒရိုင်ဘာမောင်တင်သည် ကားဘရိတ်ကို တအားဆောင့်နင်းလိုက် သည်။

အရှိန်နှင့်မောင်းနေသောကားကို ဗြုန်းခနဲ ဘရိတ်အုပ် ရပ်တန့်လိုက် သောကြောင့်လည်း ကားသည် ငြိမ့်ခနဲ ထိုးရပ်သွားသည်။

ထိုအခါ ကားနောက်ပိုင်းတွင် မျက်လုံးကို စုံမှိတ်လျက် ဆေးပြင်းလိပ် ကို ခဲကာ တစ်စုံတစ်ရာအတွေးဖြင့် ဓိမ်ခံလိုက်ပါလာသော ဦးလူထွား၏ ခန္ဓာကိုယ်ကြီးမှာလည်း ကားအရှိန်ကြောင့် ရှေ့သို့ ငိုက်ခနဲ ဖြစ်သွားရသည်။

"ဟေ့ကောင် ဘာဖြစ်တာလဲ၊ ဘာလဲကွဟေ့"

ဦးလူထွားသည် မျက်လုံးကိုဖွင့်လျက် အိပ်ပျော်ရာမှ နိုးသူအလား ကယောင်ကတမ်း မေးလိုက်သည်။

mgyoe.com

mgyoe.com


အိန္ဒိယသို့ ပြန်မည့်ဆဲဆဲ ကုလားသူဌေးတစ်ဦးအား စိန်ရွှေရတနာများ အရောင်းအဝယ်လုပ်လိုက်သဖြင့် ငွေတစ်သောင်းကျော်လောက် မြတ်စွန်းလိုက်သောအတွေးမှာလည်း ဒရိုင်ဘာမောင်တင်ကြောင့် ပြတ်တောက်သွားရလေသည်။

"ဟိုမှာဆရာ လမ်းပေါ်မှာ လူတွေဝိုင်းနေပြီး ကားကို လူတစ်ယောက်က လက်တားလိုက်လို့ပါ"

မောင်တင်၏ စကားအဆုံး၌ပင် လူရွယ်တစ်ယောက်သည် ဦးလူထွားရှိရာ ကားနောက်ပိုင်း မှန်တံခါးအနီးသို့ လျင်မြန်စွာ ချဉ်းကပ်လာသည်။

"ဟာ.... ဦးပါလား၊ နေရာကျလိုက်တာ ခင်ဗျာ၊ ကျွန်တော့်အလုပ်သမားတစ်ယောက် ဂိုဒေါင်အမိုးပေါ်က လိမ့်ကျလို့ခင်ဗျ၊ ဒဏ်ရာအတော်လေးများသွားပါတယ်။ ခု သတိမေ့နေတယ် ခင်ဗျ၊ အဲဒါ တစ်ဆိတ်လောက် ဦးကားနဲ့ အလုပ်သမားဆေးရုံကို ပို့ပေးစေချင်ပါတယ်"

လူရွယ်သည် စကားကို အရေးတကြီးပြောလေသည်။ သိဟောင်းကျွမ်းဟောင်းလည်းဖြစ်၍ တစ်ကြိမ်တစ်လှည့်သောအခါက အကူအညီပေးဖူးသော ပုဂ္ဂိုလ်ကြီးတစ်ဦးကို တွေ့လိုက်ရသောကြောင့်လည်း လူရွယ်၏ မျက်နှာသည် ရွှင်လန်းအားတက်သွားလေသည်။

"ဒဏ်ရာက အတော်ကြီးသလား"

ဦးလူထွားသည် လူရွယ်၏ မျက်နှာကိုမကြည့်ဘဲ ဝိုင်းနေသော လူအုပ်ရှိရာသို့ လှမ်းကြည့်ရင်းမှ အေးတိအေးစက် မေးလိုက်သည်။

"ဒဏ်ရာက များတယ်ခင်ဗျ။ သွေးထွက်လွန်သွားရင် စိုးရိမ်ရပါတယ်"

လူရွယ်က ရေးကြီးသုတ်ပျာ ပြောပြန်သည်။

"ဟော့.... ဟော့။ မောင်တင် ဟိုမှာ ဟိုမှာ.... သုံးဘီး သုံးဘီး။ လှမ်းခေါ်စမ်း.... လှမ်းခေါ်စမ်း"

ဦးလူထွားသည် သူတို့ရှိရာသို့ တူရူမောင်းနှင်လာသော သုံးဘီးကားကို ဒရိုင်ဘာမောင်တင်အား အထိတ်တလန့် လှမ်းခေါ်ခိုင်းလေသည်။

"သုံးဘီး.... သုံးဘီး...."

မောင်တင်က သုံးဘီးကားကို လှမ်းခေါ်လိုက်သည်။

mgyoe.com

mgyoe.com


"ကဲ.... မောင်ရင်၊ ဦးမှာက အရေးကြီးတဲ့ကိစ္စတစ်ခု ရှိနေလို့ ကိုယ်တိုင်မကူညီနိုင်တာ ဝမ်းနည်းပါတယ်ကွယ်။ အဲဒီသုံးဘီးနဲ့ပဲ ပို့လိုက်ပေတော့။ သုံးဘီးကားခကို ဦးကပဲ...."

ဦးလူထွားသည် သူ့အင်္ကျီအိတ်ထဲမှ နှစ်ဆယ်တန်တစ်ရွက်ကို နှိုက်ထုတ်လိုက်သည်။

အလုပ်သမားခေါင်းဆောင်လူရွယ်သည် ဦးလူထွားမျက်နှာကို ရွံရှာစက်ဆုပ်သယောင် စူးစူးရှရှ ကြည့်လိုက်သည်။ ပြီးလျှင် ခပ်မဲ့မဲ့ တစ်ချက်ပြုံးလိုက်သည်။

"ငွေစကားမပြောပါနဲ့ဦး။ ခုခေတ်မှာ ငွေဟာ အဓိကမဟုတ်ပါတော့ဘူး ခင်ဗျာ။ အရေးကြီးတာက လူလူချင်း စာနာထောက်ထားတတ်တဲ့ စေတနာပါ။ သုံးဘီးကားခေါ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

လူရွယ်သည် ဦးလူထွားအားမှ ခွာထွက်လျက် သုံးဘီးကားရှိရာဘက်သို့ ခပ်သွက်သွက် လျှောက်သွားတော့သည်။

ဒရိုင်ဘာမောင်တင်သည် ဦးလူထွားအမိန့်ဖြင့် ကားငယ်ကို မောင်းထွက်ခဲ့လေသည်။ ။

မြဝတီမဂ္ဂဇင်း၊ စက်တင်ဘာ၊ ၁၉၆၆။

❐

mgyoe.com

mgyoe.com



# ပန်းချောင်းရေ

"ဒီနှစ် လုပ်ခင်းကိုင်းခင်းနဲ့ ပတ်သက်လို့ မင်းအခြေအနေ ဘယ်လို ရှိလဲကွ၊ ယာခင်းက ကြက်သွန်အထွက် အတော်ကလေးကောင်းရဲ့လား။ ပြောစမ်းပါဦး"

ခရီးရောက်မဆိုက် နေအိမ်ရှေ့ ကွပ်ပျစ်ပေါ်၌ ထိုင်လိုက်မိသည် ဆိုလျှင်ပင် ကျွန်တော်က ထိုမေးခွန်းဖြင့် စကားစလိုက်ရသည်။

ညီတော်မောင်သည် ကျွန်တော့်အမေးကို ရုတ်တရက် အဖြေမပေး သေးဘဲ ကျွန်တော့်မျက်နှာကိုသာ ထူးထူးခြားခြား စူးစူးစိုက်စိုက်ကြည့်နေ သည်။ သူ့မျက်နှာတစ်ပြင်လုံးမှာလည်း အပြုံးပန်းများ ပွင့်လန်းနေသည်။ ထိုအတွင်းက လက်ကြားတွင်ညှပ်ထားသော ပြောင်းဖူးဖတ်ဆေးလိပ်တို ကိုလည်း သူသည် အားပါးတရ ဖွာရှိုက်လေသည်။

"ဟော့.... ငါမေးတာ ပြောစမ်းပါဦးကွ"

ကျွန်တော်က သူ့အမူအရာကို ကြည့်ကာ အားမလိုအားမရနှင့် ထပ်ဆင့်၍ မေးလိုက်ပါသည်။

"ပြောပါ့မယ်၊ အစ်ကိုကြီးမေးတာတွေ ကျွန်တော် အားလုံးပြောပါ့မယ်။ ကျွန်တော် သိပ်ဝမ်းသာပြီး သိပ်အံ့သြနေလို့ပါဗျာ"

"ဘာကွ.... ဘာကိုအံ့သြပြီး ဘာကို ဝမ်းသာနေလို့လဲ"

သူ့စကားက မရှင်းလင်းသည့်အတွက် ကျွန်တော်က ထပ်မေးရပြန်

mgyoe.com

mgyoe.com


ပါသည်။

"ကျွန်တော်တို့အရပ်က အင်မတန်ခေါင်တာပဲ အစ်ကိုကြီး၊ တော်ရုံတန်ရုံ စေတနာမေတ္တာနဲ့ ရောက်ဖို့မလွယ်ဘူး။ နောက်ပြီး အစ်ကိုကြီးက ရန်ကုန်မှာနေတဲ့ စာရေးဆရာ"

"အေး.... ငါလာလို့ မင်းအနေနဲ့ ဝမ်းသာတယ်ဆိုတာတော့ ဝမ်းသာပေါ့ကွာ။ အံ့ဩစရာတော့ သိပ်မရှိပါဘူး။ တောင်သူလယ်သမားအကြောင်း ရေးချင်တဲ့စာရေးဆရာဟာ တောင်သူလယ်သမားထဲ ရောက်အောင်သွားရမှာပဲ။ အလုပ်သမားအကြောင်း ရေးချင်ရင်လည်း အလုပ်သမားတွေထဲ သွားရမှာပဲ။ ဒါမှလည်း တကယ်တမ်းမှန်ကန်တဲ့ အလုပ်သမား၊ လယ်သမားဇာတ်လမ်းဖြစ်မှာပေါ့"

ကျွန်တော်က ရှင်းပြရပါသည်။ သူတို့ရွာကလေးသို့ ကျွန်တော်ရောက်သွားသောကြောင့် သူက ဝမ်းသာသလို၊ သူနှင့် တွေ့ရသောကြောင့်လည်းကောင်း၊ သူတို့ကျေးရွာရှိ တောင်သူဦးကြီးများနှင့် တွေ့ဆုံဆွေးနွေးရသောကြောင့်လည်းကောင်း ကျွန်တော့်အနေနှင့်လည်း ဝမ်းမြောက်ဝမ်းသာဖြစ်ရလေသည်။

ရန်ကုန်မြို့ကြီးက လူနေမှုအကြောင်းတွေကို ကျွန်တော့်အား သူတို့ကမေးကြမြန်းကြသလို သူတို့ သူတို့တစ်တွေ၏ စိုက်ပျိုးရေးအကြောင်း၊ ကျေးရွာလူနေမှုအကြောင်း၊ ကျန်းမာရေးအကြောင်း၊ ပညာရေးအကြောင်း စသည်များကိုလည်း ကျွန်တော်က မေးရမြန်းရသည်။ ကိုင်းထဲ ယာထဲသို့ ကိုယ်တိုင်ကိုယ်ကျ ဆင်းလျက် လေ့လာသင့်သည်များကိုလည်း လက်တွေ့ကျကျ လေ့လာရသည်။ ဤအတွင်းကပင် ထူးထူးခြားခြားနှင့် ဝမ်းသာဖွယ်ကောင်းလှသော ကျေးရွာရှိ လူငယ်လူရွယ်များ စုပေါင်းဖွဲ့စည်းထားသော ပြည့်သူ့အလင်း စာဖတ်အသင်း၌လည်း စာပေဟောပြောပွဲ၊ စာပေဆွေးနွေးပွဲပြုလုပ်ခဲ့ရလေသည်။

စင်စစ် ညီတော်မောင်ပြောသည့်အတိုင်း သူတို့ရွာကလေး ခေါင်လှသည်၊ ချောင်ကျလှသည်ဆိုသော စကားမှာလည်း မှန်သင့်သလောက်တော့ မှန်ပါသည်။ မြို့ကြီးသားများ သူတို့ရွာကလေးသို့ အရောက်အပေါက်နည်းပါးကြပေမည်ကိုကား ယုံမှားစရာမရှိပေ။

mgyoe.com

mgyoe.com


'ငါးခုန်ကျေးရွာ' အမည်ရှိသော သူတို့ရွာကလေးသည် မုံရွာခရိုင် ဆားလင်းကြီးမြို့နယ်ထဲမှ တောင်သူလယ်သမား ရွာငယ်ကလေးတစ်ရွာသာ ဖြစ်လေသည်။ ချင်းတွင်းမြစ် အနောက်ဘက်ကမ်းတွင်ရှိ၍ မုံရွာနှင့်ဆိုလျှင် ခရီးမိုင် လေးဆယ်ခန့် အကွာအဝေးဖြစ်သည်။ မုံရွာမှနေလျက် မော်တော် တစ်တန် လှည်းတစ်တန် သွားရသည်။ တစ်ရွာလုံး၏ အဓိကစိုက်ပျိုးရေး မှာ ကြက်သွန်ဖြစ်သည်။ စပါး၊ နှမ်း၊ ပဲ စသည်များကိုလည်း အတော်အသင့် စိုက်ကြသည်။ အိမ်ခြေနှစ်ရာကျော်ခန့်ရှိ၍ လူဦးရေ နှစ်ထောင်ကျော်ရှိသည်။ မူလတန်းကျောင်းတစ်ကျောင်း ရှိသည်။ ကျေးရွာ လ– လ– သ– သ လည်း ဖွဲ့စည်းပြီးဖြစ်လျက် ကျေးရွာဥက္ကဋ္ဌ၊ စိုက်ပျိုးရေးဘဏ်ဥက္ကဋ္ဌ၊ အမှုဆောင် စသည်များလည်း ဖွဲ့စည်းထားပြီးဖြစ်လေသည်။

ငါးခုန်ရွာကလေးသို့ ကျွန်တော် ရောက်ရှိသွားသောအချိန်မှာ ဧပြီလ ၏ ပထမပတ်တွင် ဖြစ်သည်။ အညာဒေသမှ ကျေးလက်ရွာကလေးတစ်ရွာ ဖြစ်သောကြောင့်လည်း ပူပြင်းသွေ့ခြောက်လှသည်။ သင်္ကြန်ရက်အတွင်းသို့ နီးကပ်လာပြီဖြစ်ခြင်းကြောင့်လည်း ပင်လုံးကျွတ်မျှ ပွင့်ကြသော တမာရနံ့ တို့ဖြင့် သင်းသင်းပျံ့ပျံ့ ရှိတော့သည်။

ရာသီဥတုက ပူပြင်းသွေ့ခြောက်လျက် ဖုန်တထောင်းထောင်းရှိနေ ပေမင့် ကျေးရွာသူ ကျေးရွာသားတို့ကား အပျင်းထူမနေကြ။ မိုးမလင်းမီ ယာခင်းထဲသို့ သွားကြသည်။ ကြက်သွန်တူးကြသည်။ မျိုးစေ့ပွင့်များကို ဆွတ်ခူးကြသည်။ ကျွဲတရုန်းရုန်း၊ နွားတရုန်းရုန်းနှင့် အလုပ်ကို လုပ်ကြလေ သည်။ သူတို့ သူတို့သည် ခေတ်အကြောင်း၊ စနစ်အကြောင်းကိုလည်း အတော်အတန် သဘောပေါက် နားလည်နေကြပြီဖြစ်ကြောင်း သိရပါသည်။

"ဒီနှစ် ကျွန်တော်တို့ ကောက်ကြီးသုံးခါပြန်စိုက်တယ်။ သုံးခါစလုံး ရေကြီးလို့ ပျက်တာပဲ။ မိုးမသိမ်းလို့ နှမ်းလည်းမရကြဘူး။ ကျွန်တော် တစ်ယောက်တည်း မဟုတ်ပါဘူး။ ရွာနီးချုပ်စပ်နဲ့ အားလုံးပဲဆိုပါတော့"

ညီတော်မောင်က ကျွန်တော့်အမေးကို ဖြေကြားခြင်းပြုပါသည်။

မှန်ပါသည်။ ပြီးခဲ့သောနှစ်က မြန်မာနိုင်ငံအထက်ပိုင်းတွင် ချင်းတွင်း မြစ်ရေကြီးသည့် သတင်းများ၊ တောင်သူလယ်သမားများ၏ စိုက်ခင်းပျိုး ခင်းများ ရေလွှမ်းမိုးခြင်းခံရသော သတင်းများကို ကျွန်တော်တို့ အားလုံး

mgyoe.com

mgyoe.com

သိရှိကြရပြီး ဖြစ်လေသည်။

"ကျွန်တော်တို့အားလုံးပဲ စိတ်ဓာတ်မကျဆင်းကြပါဘူး။ သုံးကြိမ်တိတိ ကျွန်တော်တို့ ပြန်စိုက်ကြတာပဲ။ သုံးကြိမ်စလုံးပဲ ရေဖျက်ဆီးတာခံရတယ်။ လာမယ့်နှစ်အတွက်ဆိုရင် မျိုးစပါးတောင်မရကြတဲ့ လူတွေများပါတယ်"

သူ့စကားကို နားထောင်ရင်း ကျွန်တော် သက်ပြင်းချမိသည်။ သို့ရာတွင် သူတို့ သူတို့၏ အလျှော့မပေးသောစိတ်ဓာတ်နှင့် လက်တွေ့လုပ်ရပ်ကိုကား ကျွန်တော် ချီးကျူးမိပါသည်။

"ဒီလိုနဲ့ ကြက်သွန်ချိန်ရောက်တော့ ကြက်သွန်ကို ကျွန်တော်တို့အားလုံး ဖိပြီး စိုက်ကြရတာပေါ့"

"အင်း.... အင်း....။ ဆိုစမ်းပါဦး။ ကြက်သွန်ရော ဘယ့်နှယ်နေလဲ၊ အတော်ဖြစ်ထွန်းကြရဲ့လား"

ကျွန်တော်က အားတက်သရော မေးလိုက်သည်။

"ဖြစ်ကြပါတယ်၊ တစ်ရွာလုံးအနေနဲ့ တွက်ရင် ဒီနှစ် အချိန်ပိုင်းသာနှစ်သိန်းကျော်လောက် ထွက်ပါလိမ့်မယ်။ ကုလားပဲလည်း အနည်းအကျဉ်းတော့ ရကြပါတယ်။ ကျွန်တော်တောင် လေးထောင် လေးထောင်ကျော်လောက်ရဖို့ပဲ။ ဒါပေမဲ့ နှစ်ထောင်ကျော် သုံးထောင်လောက်ပဲ ရမယ်။ အဲဒါလည်း ရေပြဿနာပဲ အစ်ကိုကြီး"

"ရေက ဘယ်လိုဖြစ်ပြန်လို့တုံး"

ကျွန်တော်က မေးရပြန်ပါသည်။

"ဒါက ဒီလိုရှိတယ် အစ်ကိုကြီး။ ကျွန်တော်တို့ ကြက်သွန်စိုက်တယ်ဆိုတာလည်း ရေကို လိုသလို ကြည့်သွင်းပေးရပါတယ်။ ကျွန်တော်တို့ဒီအရပ်မှာ စိုက်ပျိုးရတာတော့ ဆည်ရေသောက် မဟုတ်ဘူးပေါ့။ ယမားကရေကိုပဲ အားပြုပြီးစိုက်ရတယ်ပေါ့"

'နေပါဦးကွ။ ယမားဆိုတာက ဘာလဲ"

ကျွန်တော် မေးရပြန်ပါသည်။

"ယမားဆိုတာ သဲချောင်းပေါ့ အစ်ကိုကြီးရယ်။ အစ်ကိုကြီးတို့လှည်းနဲ့ဖြတ်လာတုန်းက တွေ့ခဲ့မှာပေါ့။ ဒီချောင်းတွေကို ကျွန်တော်တို့က

mgyoe.com

mgyoe.com


ခပ်လွှယ်လွှယ် ယမားလို့ ခေါ်ကြတာပဲ။ အမှန်တော့ ကျွန်တော်တို့ စိုက်ခင်း ပျိုးခင်းတွေအတွက် ရေယူရတာကတော့ ပန်းချောင်းရေပေါ့။ ပြီးခဲ့တဲ့နှစ်က ဆိုရင် ကျွန်တော်တို့ရွာသားတွေ ရေ သုံးရာကျော် လေးရာဖိုးလောက် ဝယ်ရတယ်"

"ဟေ.... ရေဝယ်ပြီးစိုက်ရတယ် ဟုတ်လား။ မြေကျေးရှင်းက ဝယ်ရ တာလား။ ဆည်မြောင်းဌာနက ဝယ်ရတာလား။ ဘယ်က ဝယ်ရတာလဲ"

ကျွန်တော်သည် ဆန်းသလိုလိုရှိနေသော ညီတော်မောင်၏စကား ကြောင့် အမေးအမြန်း ထူလိုက်မိပြန်ပါသည်။

"ရေကတော့ ပန်းချောင်းထဲက ရေပဲပေါ့ အစ်ကိုကြီးရ။ ဝယ်ရတာ ကတော့ သံမှိုတောင်တို့၊ ဝက်ခုတ်တို့၊ တရာကြီးရွာတို့မှာရှိနေတဲ့ တောင်သူ လယ်သမားတွေဆီကတစ်ဆင့် ဝယ်ရတာပေါ့။ အဲဒီရွာတွေက ကျွန်တော်တို့ ရွာနဲ့ဆိုရင် လေးငါးတိုင်လောက် ဝေးတာပေါ့"

"နေစမ်းပါဦး။ ဒီရေတွေကို သူတို့က ဝယ်ထားလို့ မင်းတို့က တစ်ဆင့် ပြန်ဝယ်ရတာလား"

"ဒီလိုလည်းမဟုတ်ဘူး အစ်ကိုကြီးရဲ့။ သဘောကတော့ သူတို့ရွာ တွေက ကျွန်တော်တို့ရွာထက် ချောင်းအထက်မှာဖြစ်နေတော့ ချောင်းရေကို အထက်ကနေ ဆီးပိတ်ထားတာပေါ့။ ကျွန်တော်တို့ ကြက်သွန်ခင်းတွေမှာ ရေလိုနေတဲ့အချိန် ရေသွင်းရမယ့်အချိန်ဆိုရင် သူတို့က ပိတ်ထားတော့တာပဲ။ အဲတော့ ကျွန်တော်တို့က ငွေစုပြီး သွားပေးရတာပေါ့။ ရေဝယ်ရတာပေါ့ အစ်ကိုကြီးရာ။ ဒီတော့မှ သူတို့က ဖောက်ချပေးတယ်"

"မင်းတို့ဟာမင်းတို့ လူစုပြီး သွားဖောက်ချလို့ကော မဖြစ်ဘူးလား"

ကျွန်တော်က မချင့်မရဲ မေးလိုက်သည်။

အမှန်စင်စစ် ထိုအဖြစ်သည် ပန်းချောင်းရေကို အကြောင်းပြုလျက် အထက်ရွာ၊ အောက်ရွာ တောင်သူလယ်သမားအချင်းချင်း ခေါင်းပုံဖြတ် အမြတ်ထုတ်နေသည့် သဘောဖြစ်လေသည်။ ခေတ်ကိုကြည့်လျှင်သော် လည်းကောင်း၊ စနစ်အရ ကြည့်လျှင်သော်လည်းကောင်း၊ ဘဝတူချင်းဟူ သောအမြင်နှင့် ကြည့်လျှင်သော်လည်းကောင်း မလုပ်သင့် မလုပ်ထိုက်သော ကိစ္စတစ်ခုဟူ၍ ကျွန်တော် တွေးမိသည်။

mgyoe.com

mgyoe.com


"အစ်ကိုကြီးပြောသလို လုပ်လို့လည်း ဘယ်ဖြစ်မလဲ။ အဲ့လိုလုပ်ရင် တစ်ရွာနဲ့တစ်ရွာ ရိုက်ကုန်ကြမှာပေါ့။ နောက်ပြီး သူတို့ပိတ်ထားတဲ့ရေကို ကျွန်တော်တို့က သွားဖောက်ချဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

ညီတော်မောင်က ရှင်းပြနေပြန်ပါသည်။

"နေပါဦး။ ငါမသိလို့ ထပ်မေးပါရစေဦး။ တို့တစ်တွေ နှောကူးတို့ကနေ လှည်းနဲ့ဖြတ်အလာမှာ မင်းတို့ယာခင်းတွေဘေးက ရေသွင်းမြောင်းမကြီးတွေထဲမှာတော့ ရေတွေစီးဝင်နေတာ တွေ့ခဲ့သားပဲ။ ဒီတော့ ငါ့စိတ်ထဲကတောင် ထင်မိတယ်။ မင်းတို့ရွာသားတွေတော့ စိုက်ပျိုးရေးအတွက် ရေအတော်နေရာကျနေတာပဲလို့"

ပို၍ရှင်းလင်းအောင် ကျွန်တော်က မေးမြန်းရပါသည်။

"ဒါက ဒီလိုလေ အစ်ကိုကြီးရ၊ ခုအချိန်မှာ ကျွန်တော်တို့က ကြက်သွန်တွေ တူးနေကြပြီ။ ရေမလိုတော့ဘူး။ အဲလို မလိုတဲ့အချိန်ကျမှ သူတို့က ရေတွေကို ဖောက်ချနေတာ၊ ကျွန်တော်တို့မှာ ရေလိုနေတဲ့အချိန်ကျတော့ တမင်ပိတ်ထားတာပေါ့။ ဒါကြောင့်လည်း ကျွန်တော်တို့ရွာသားတွေက ရေဖောက်ချပေးပါမယ့်အကြောင်း ငွေစုပြီး သွားပေးရတာပေါ့။ ကျွန်တော်တို့ရွာမှာ ခက်နေတာက စိုက်ပျိုးရေးအတွက် ရေမရတဲ့ပြဿနာပဲ။ ရေကိုသာ အချိန်မီရမယ်ဆိုရင် စပါးလည်း ကောင်းကောင်းစိုက်နိုင်မယ်။ နှမ်းတို့ ပဲတို့လည်း အချိန်မီစိုက်ပျိုးနိုင်မယ်။ ခု ကျွန်တော်တို့ လုပ်နေရတာက ရေအခက်အခဲကြောင့် ကောက်ကြီးကို ဝါခေါင်လမှ ပျိုးကြဲရတယ်။ စိုက်တော့ တော်သလင်းလမှ စိုက်ရတယ်"

"အဲဒါ ထားဦးကွာ။ အဲဒါက တစ်ရွာလုံးရဲ့ စိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး ရေလိုနေတဲ့ပြဿနာ၊ ခုနကကိစ္စက တောင်သူလယ်သမားအချင်းချင်း ရေကိုအကြောင်းပြုပြီး မလုပ်သင့်တဲ့ အမြတ်ထုတ်မှုကို လုပ်နေတဲ့ပြဿနာပဲ။ အဲဒါကို ဆက်ဆွေးနွေးကြဦးစို့။ မင်းတို့ကို ရေဖောက်ချပေးရတဲ့အတွက် သူတို့မှာကော နစ်နာမှုရှိသလား၊ အဲဒါ ပြောပါဦး"

"ဘယ်နစ်နာပါ့မလဲ အစ်ကိုကြီး။ ဒီရေတွေက သူတို့မှာ သက်သက်ပိုနေတဲ့ ရေပဲ"

"ဒီလိုဆိုရင် သက်ဆိုင်ရာ န– လ– ကတို့ ဘာတို့ တိုင်ရင်ကောကွာ"

mgyoe.com

mgyoe.com


"အဲလိုလုပ်လိုက်ရင် နောင်တော့ ပြဿနာပိုကြီးလာမယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ဘက်ကလည်း အကြောင်းပြစရာတွေ ရှိနေတယ်။ သူတို့ရွာတွေကလည်း မုရင်းစိုက်တယ်။ ကောက်ကြီးစိုက်တယ်။ ဝက်ခုတ်က ဆိုရင် ခရမ်းအကြီးအကျယ် စိုက်တယ်။ ဒီတော့ သူတို့အတွက် ရေလိုလို့ ပိတ်ထားပါတယ်ဆိုရင် ကျွန်တော်တို့ ခံရမယ်။ လက်တွေ့က သူတို့နဲ့ ပဋိပက္ခဖြစ်နေရမှာထက် အလုပ်ဖြစ်ဖို့ အရေးကြီးတာကိုး"

ညီတော်မောင်က သူ့အကြောင်းပြချက်နှင့် သူ ပြောလေသည်။ သို့ရာတွင် ကျွန်တော့်အနေနှင့်ကလည်း ထိုကိစ္စ ထိုအဖြစ်အတွက် နှုတ်ဆိတ်၍ မနေနိုင်ပါချေ။ နေလည်း မနေအပ်ဟူ၍ ကျွန်တော်ထင်ပါသည်။

"အင်း.... အစ်ကိုကြီး နားလည်သလောက် ပြောရမယ်ဆိုရင်တော့ ဒီကိစ္စဟာ သိပ်မကောင်းတဲ့ ကိစ္စပဲ။ မင်း အသေအချာ စဉ်းစားကြည့်စမ်း။ ခုအချိန်ဟာ အရင်းရှင်စနစ်၊ မြေရှင်စနစ်၊ အမြတ်ကြီးစားစနစ်နဲ့ ခေါင်းပုံဖြတ်စနစ်တွေကို အမြစ်ကနေ မြေလှန်ပစ်နေတဲ့အချိန်၊ အဲဒါ ဘယ်သူ့အကျိုးအတွက်လဲဆိုတော့ တောင်သူလယ်သမား၊ အလုပ်သမားတွေရဲ့ အဓိက အကျိုးအတွက်ပဲ။ နောက်ပြီး အဲဒီအမြတ်ကြီးစားစနစ်တွေ၊ ခေါင်းပုံဖြတ်သမားတွေကို တိုက်ဖျက်ပစ်ရမှာက မင်းတို့ တောင်သူလယ်သမားတွေနဲ့ အလုပ်သမားတွေရဲ့ အဓိကတာဝန်ပဲ။

"အဲဒါကို သဘောမပေါက်ဘဲ မင်းတို့ တောင်သူလယ်သမား အချင်းချင်းက ပန်းချောင်းရေကို အကြောင်းပြုပြီး ခုလိုဘဝတူချင်း ခေါင်းပုံဖြတ် အမြတ်ထုတ်နေတယ်ဆိုတော့ ကိုယ့်တပ် ကိုယ် ပြန်နင်းပြီး ကိုယ့်ဘဝ လွတ်မြောက်ရေးကို ကိုယ်ကိုယ်တိုင် ဖျက်ဆီးပစ်နေရာ ရောက်နေတာပေါ့ ကွာ"

"ဒီတော့ ကျွန်တော်တို့ ဘာလုပ်ရမတုံး အစ်ကိုကြီး"

"ငါပေးချင်တဲ့ အကြံဉာဏ်ကတော့ မင်းတို့ တောင်သူလယ်သမား ကောင်စီဖွဲ့ပြီးရင် ဒီကိစ္စကို ကျေးရွာခေါင်းဆောင်တွေ အချင်းချင်း အပြေအလည် ဆွေးနွေးကြပေါ့ကွာ။ သက်ဆိုင်ရာပုဂ္ဂိုလ်တွေနဲ့လည်း တိုင်ပင်ညှိနှိုင်းပေါ့။ ငါ့အနေနဲ့လည်း ရန်ကုန်ပြန်ရောက်ရင် ဒီအကြောင်းကို စာတစ်ပုဒ်ရေးပြီး သင့်တော်တဲ့ စာစောင်တစ်ခုခုမှာ ပါအောင် ဆောင်ရွက်

mgyoe.com

mgyoe.com

ပေးပါ့မယ်"

ခြံအတွင်းသို့ ကြက်သွန်လှည်းတစ်စီး ဝင်ရောက်လာသဖြင့် ကျွန်တော်သည် စကားကို အဆုံးသတ်လိုက်သည်။

ထိုအခိုက် ခြံထောင့်တစ်နေရာရှိ မန်ကျည်းပင်ထက်မှ နွေတေးဆို ဥသြငှက်ငယ်၏ တွန်ကျူးသံကိုလည်း ကျွန်တော် ကြားလိုက်ရသည်။ လေပြင်းနှင့်အတူ ဖွေးဖွေးလှုပ်လှုပ် ကြွေသက်၍ ဆင်းလာသော တမာပွင့်ကလေးများ၏ အဖြစ်ကိုလည်း ကျွန်တော် မြင်လိုက်ရသည်။ ဝင်လာသော လှည်းဦးမှ ဦးကြီးဘသည် ကျွန်တော့်ကိုမြင်သည့်အခါ "ဟေး.... ကိုသစ်လွင်ကြီးပါကလား" ဟူ၍ ဟေး.... သံပေးကာ ဝမ်းသာအားရ လှည်းဦးမှ ခုန်ချလိုက်သည်။

သည်အမြင် သည်အတွေ့ သည်အသံများအားလုံးသည် အညာကျေးလက်တစ်ခု၏ သရုပ်သကန်ကို ပို၍ ပီပြင်စေသည်။ ကျွန်တော့်အဖို့ ပို၍ တွယ်တာစေသည်ဟု စိတ်မှတ်ပြုလိုက်မိလေသည်။ ။

မြဝတီမဂ္ဂဇင်း၊ နိုဝင်ဘာ၊ ၁၉၆၇။

❒

mgyoe.com

mgyoe.com



## ဓနုံးချောင်း

(၁)

"အင်းမ"ဘက်သို့ ရောက်ခဲ့ရသောကြောင့်ပင်လျှင် ကိုမင်းမောင်နှင့် ထွေးစိန်တို့၏ ဘဝဇာတ်လမ်းကလေးတစ်ခုကို အမှတ်ထင်ထွမ်း ရှိခဲ့ရလေသည်။

သူတို့၏ အချစ်ဇာတ်လမ်းကလေးက ရင်နာစရာ၊ ကြေကွဲစရာ၊ ကရုဏာသက်စရာ ရှိလှသည်နှင့်အမျှ သတိချပ်စရာအကြောင်းကလေးတွေလည်း ပါရှိခဲ့ပြန်၏။

ကျွန်တော်တို့၏ ဗုဒ္ဓဘာသာဝင် ဗမာလူမျိုးများ၏ အယူအဆနှင့် ရှေးဟောင်းကျမ်းဂန်များအရ ဗုဒ္ဓဂေါတမသည် ရွှေပန်းထိမ်သည်၏သား စုန္ဒလုလင်ကပ်လှူသော ဝက်ပျို့သားပြွမ်းသည့် ဆွမ်းကို ဘုဉ်းပေးတော်မူပြီးနောက် ဝမ်းသက်သောဝေဒနာဖြင့် ပရိနိဗ္ဗာန်ပြုတော်မူလေသည်ဟု မှတ်သားလေ့လာခဲ့ရ၏။

ကိုမင်းမောင်နှင့် ထွေးစိန်တို့၏ အချစ်ဇာတ်လမ်းကလည်း ထိုမည်သော ဝက်သားကြောင့်ပင် ကြေကွဲဖွယ်ရှိခဲ့ရလေသည်။ သို့တစေ ကိုမင်းမောင်သည် လည်းကောင်း၊ ထွေးစိန်သည်လည်းကောင်း သူတို့နှစ်ဦး၏ ဆင်းသက်ပေါက်ဖွားလာရာ ဆွေစဉ်မျိုးဆက် နှစ်ဦးနှစ်ဖက်မှ မျိုးရိုးဗီဇများသည်လည်းကောင်း ဗုဒ္ဓဘာသာ မြန်မာလူမျိုးစစ်စစ်များသာ ဖြစ်လေသည်။

mgyoe.com


mgyoe.com

mgyoe.com


ဤလို မြန်မာစစ်စစ် ဗုဒ္ဓ၏ အယူအဆရှိသူများအတွက် ဝက်သားကြောင့် အချစ်ဇာတ်လမ်းတစ်ခု ကြေပျက်ရကာ အသက်ပင် ဆုံးသူဆုံးရသည် ဟူသော စကားကို ကြားရလျှင်မူ ရယ်စရာပေလော၊ ယုံတမ်းစကားပေလော ဟု ရုတ်တရက် တွေးလိုက်မိကြမည်ဖြစ်သော်လည်း အမှန်စင်စစ် နားနှင့် ဆတ်ဆတ်ကြားရ၍ မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ရသော ကျွန်တော့်အနေဖြင့်မူ ယုံတမ်းစကားဟုလည်း မထင်မှတ်မိ၊ ရယ်စရာဟူ၍လည်း မယူဆနိုင်သည့် အပြင် သူတို့နှစ်ဦးစလုံးကို သနားကရုဏာသက်မိရာမှ ကျွန်တော်တို့ မြန်မာ အမျိုးသားအဖို့ သတိချပ် ဂရုပြုထိုက်သော စားရေး၊ နေရေး၊ ကျန်းမာရေးနှင့် ပတ်သက်သည့် ဘဝသင်ခန်းစာကလေးများကိုပင် တစ်နည်းတစ်ဖုံအားဖြင့် ရရှိခဲ့ပါပေသည်။

သို့ကြောင့်ပင် မဟုတ်ပါလော။ လွန်ခဲ့သော ၁၀ နှစ်ကျော် ဂျပန်ခေတ် ကာလ စစ်အတွင်းမှ ကြားခဲ့၊ သိခဲ့၊ ကိုယ်တွေ့ကြုံခဲ့ရသော ကိုမင်းမောင်နှင့် ထွေးစိန်တို့၏ ဘဝဇာတ်လမ်းကလေးမှာ ကျွန်တော့်အဖို့ ယနေ့တိုင်အောင်ပင် အမှတ်ထင်ထင် စွဲလမ်းသတိရနေသည်သာမက တစ်ဆင့်စကား တစ်ဆင့် နားဆိုသလို ကျွန်တော်မှတစ်ဆင့် ဖောက်သည်ချမှုကြောင့်ပင် ဤအကြောင်း ဤဖြစ်ရပ်ကလေးမှာ လူပေါင်းမည်မျှအထိ ကြားသိရ၍ အချိန်ကာလ မည်မျှ ကြာညောင်းအောင် တည်ရှိနေပေလိမ့်မည်ဆိုသည်ကိုကား ကျွန်တော် ကိုယ်တိုင် ခန့်မှန်းမရ ရှိနေရပေသည်။

မည်သို့ဆိုပါစေ၊ စာရေးသူ ကျွန်တော့်အနေဖြင့်မူ သူတို့နှစ်ဦး၏ အကြောင်းခြင်းရာကလေးများကို လူသိများလေ ကောင်းလေ၊ အချိန်ကာလ ကြာမြင့်စွာ တစ်ယောက်စကား တစ်ယောက်နားကြားလေ ပို၍ကောင်းလေ ဖြစ်ပေမည်ဟုသာ ယူဆခြင်း ရှိမိပါပေသည်။ ။

(၂)

တန်ခူးကဆုန် ဆွေ့ဆွေ့ခုန်ဟူသော စကားနှင့်အညီ တန်ခူးလ၏ နေပူရှိန်မှာ လူသတ္တဝါတို့အား ဆွေ့ဆွေ့ခုန်ရလုမတတ် ပူလောင်ပြင်းပြလှ လေသည်။

ရိတ်သိမ်းထားသော လယ်ကွင်းလယ်ကွက်များမှ ရိုးပြတ်များသည်

mgyoe.com

mgyoe.com

ထောင်းထောင်းကြေနေလျက် တံလျှပ်များသည် နေရှိန်၏အောက်ဝယ် တရိပ်ရိပ် ပြေးလွှားနေသည်ဟု ထင်မှတ်ရလေ၏။

ရိုးပြတ်ငုတ်တိုနှင့် အပြောကျယ်သော လယ်ကွင်းလယ်ကွက်များသည် ကြည့်၍မဆုံးအောင် ရှိလေသည်။ ဘယ်နေရာကြည့်ကြည့် အရိပ်ခိုရန် သစ်ပင်တောအုပ်ဟူ၍ မတွေ့ရ မမြင်ရချေ။ လယ်ကွင်း ထီးတည်းချည်းသာ ဖြစ်နေလေသည်။ ပူပြင်းသောနေရှိန်ကြောင့် လယ်မြေတို့သည် ပပ်ကြား အက်ကွဲလျက် လယ်ကန်သင်းရိုးများပေါ်မှ သစ်ပင် မြက်ပင်ငယ်များသည် ပင် ခြောက်သယောင်းနေကြလေသည်။

လှည်းသွားလမ်းတစ်လျှောက်မှာမူ ဖုန်တထောင်းထောင်းထနေပေသည်။ လှည်းလမ်းသည် ကြည့်မျှော်မဆုံးသော ကွေ့ကောက်သည့် မျဉ်းပြိုင်နှစ်ခုလို ရှိနေ၏။ လေသည် တဟူးဟူးတိုက်ခတ်နေသည့်တိုင် အအေးဓာတ်ကင်းမဲ့ကာ အပူရှိန်နှင့်ဖုန်မှုန့်များသာ ယူဆောင်၍ လာတော့လေသည်။ အမှန်က နေပူရှိန်အောက်တွင် လေပူလေခြောက်၏ တိုးဝှေ့တိုက်ခတ်ခြင်းကို ခံရသည်မှာ စပ်ဖျဉ်းဖျဉ်းနိုင်လှလေသည်။

လှည်းလမ်းကြောင်းအတိုင်း ဦးကြီးက ရှေ့မှသွား၍ ကျွန်တော်က သူ့နောက်မှ ခပ်သွက်သွက် လိုက်နေရလေသည်။ ထီးတစ်ယောက်တစ်လက်စီဆောင်း၍ လွယ်အိတ်ကိုယ်စီလွယ်ကာ တစ်ယောက်ကိုတစ်ယောက် စကားမပြောနိုင်ဘဲ ခရီးတွင်ရန်ကိုသာ အားခဲသွားနေရလေသည်။

နံနက် ၅ နာရီလောက်ကသာ စကြော့ရွာမှ ထွက်လာနိုင်မည်ဆိုပါက ၁၅ မိုင်၊ ၁၆ မိုင်ခန့် ဝေးသော ခနုံးချောင်းရွာကို နံနက်စာအမီ ၁၀ နာရီ၊ ၁၁ နာရီအချိန်ခန့်တွင် ရောက်နိုင်မည်ဖြစ်၏။ သို့ရာတွင် ဂျပန်ခေတ်၏ နောက်ပိုင်းကာလအချိန်များမှာ တောကျေးလက်များတွင် လမ်းပန်းမသာယာ၊ လုယက်မှု၊ လူသတ်မှု၊ ဓားပြတိုက်မှုများ ထူပြောလာသောကြောင့် ခပ်စောစော ခရီးမထွက်ရဲဘဲ စကြော့ရွာမှ နံနက်ထမင်းကို ၈ နာရီတွင် စား၍ ခရီးထွက်လာခဲ့ကြရလေသည်။

သို့ကြောင့်လည်း ခနုံးချောင်းသို့ နေ့လယ်တစ်နာရီလောက်မှ ရောက်မည်ဖြစ်၍ ခနုံးချောင်းကမှတစ်ဖန် အင်းမသို့ သွားရမည်ဖြစ်လေသည်။ သို့ရာတွင် ခနုံးချောင်းနှင့် အင်းမရွာမှာ သိပ်မဝေးလှတော့၊ ကြားတွင်
mgyoe.com

mgyoe.com


ချောင်းတစ်ခုသာ ခြားနေသည်ဟု ဦးကြီးက ပြောလေသည်။ ကျွန်တော်ကား ဤခရီး ဤလမ်းကို တစ်ခါတစ်ခေါက်မျှ မရောက်ပေါက်ဖူးခဲ့ပါ။ ယခု တစ်ကြိမ် လိုက်လာသည်မှာ အင်းမရွာသို့ ဆင်း၍ အင်းကုန်၊ ရေချိုကုန် များဖြစ်သော ငါးပိ၊ ငါးခြောက်ဝယ်ယူရန်အတွက် ဦးကြီး၏ခေါ်ဆောင် ချက်အရ လိုက်ပါခဲ့ရခြင်း ဖြစ်လေသည်။

"ခပ်သုတ်သုတ်ကလေးလျှောက်ဟေ့၊ သိပ်မဝေးတော့ပါဘူးကွာ၊ နောက်တစ်နာရီကျော်ကျော်လောက်ဆိုရင် ခန်းချောင်းကို ရောက်ပါပြီ။ ဟို.... ရှေ့က မြင်ရတဲ့ ခပ်ရေးရေးတောအုပ်ဟာ ခန်းချောင်းရွာပဲကွဲ့"

ဦးကြီးက ရှေ့မှသွားနေရင်း ထိုသို့ ပြောလိုက်သဖြင့် ဦးကြီးလက်ညှိုး ညွှန်ရာသို့ မျှော်ကြည့်လိုက်မိလေသည်။ အတော်ပင် အလှမ်းဝေးစွာဖြင့် ခပ်ရေးရေး ခပ်ပျပျမြင်နေရသော တောအုပ်ကိုလည်း ကြည့်လိုက်မိ၏။

နေပူရှိန်ကြောင့် တစ်ကိုယ်လုံး ချွေးစေးများထွက်ကာ ဖုန်အလိမ်းလိမ်း ဖြစ်နေသည်သာမက အာခေါင်အာရင်းတွေ ခြောက်ကပ်ကာ ရေကလည်း ငတ်လှလေသည်။ ခန်းချောင်းရောက်မှ တွေ့ရာအိမ် တွေ့ရာရေအိုးစင်တွင် တဝကြီးသောက်လိုက်မည်ဟု ဝမ်းတွင်းက အားခဲထားရလေသည်။

"ဦးကြီးက လှည်းငှားလာဖို့ ကောင်းတာဗျ၊ ခရီးကလည်း ဝေးသေး.... နေကလည်းပူသေး...."

"ငှားပါတယ်ကွယ်.... မနက်က မင်းတောင် အိပ်ရာမထသေးဘူး။ စံမြင့်တို့လူသိုက်ဆီ ငါ သွားသေးတယ်၊ လမ်းမယ် ဂျပန်ဆွဲမှာစိုးလို့ ဘယ်သူမှ မလိုက်ချင်ဘူး။ တချို့လှည်းတွေတောင် ဖျက်ထားကြတယ်"

"ဒီလိုဆိုရင် ဦးကြီး ကုန်တွေဝယ်ပြီးတော့ မြို့ရောက်အောင် ဘယ်လို လုပ်ယူမလဲဗျ"

"ဒါကို မင်းမပူပါနဲ့ကွာ။ ကိုဘကျော်တို့ ကြည့်စီစဉ်ပါလိမ့်မယ်။ မတတ်သာရင်လည်း သူတို့ မြစ်ဘက်ကနေ သမ္ဗန်နဲ့ ပို့ပေးလိမ့်မပေါ့"

ဦးဘကျော်ဆိုသူမှာ အင်းမရွာ၏ အင်းသူကြီးတစ်ယောက် ဖြစ်လေ သည်။ ကျွန်တော်တို့ သွားရမည်မှာလည်း သူ့အိမ်ကိုပင် ဖြစ်လေသည်။ ကျွန်တော်နှင့် ဦးကြီးတို့က ဦးဘကျော်၏အိမ်တွင် တစ်ပတ်လောက်တည်းခို ကာ သူ့ထံမှသော်လည်းကောင်း၊ ရွာတွင်းရှိ လူများထံမှလည်းကောင်း၊

mgyoe.com

ငါးရံ့ခြောက်၊ ငါးကျည်းခြောက်၊ ရေချိုငါးပိ၊ ငါးရှငါးပိ စသည်တို့ကို ဝယ်ယူရမည်ဖြစ်လေသည်။

ထိုသို့နှင့်သာ ကျွန်တော်တို့သည် ခနုံးချောင်းရွာဆီသို့ တဖြည်းဖြည်း နီးကပ်စ ပြုလာတော့၏။ ရွာနှင့် နီးကပ်လာသည့်အခါတွင် စတုဒီသာ မောင်းသံကို ကြားရရုံသာမက ဒိုးပတ်သံ၊ အိုးစည်သံများကိုပါ ကြားရစ ပြုလာလေသည်။ သင်္ကြန်ရက်ဖြစ်သောကြောင့် အကျွေးအမွေးတစ်ခုခု ပြုဟန်တူလေသည်။

မုန့်လုံးရေပေါ်ပေလော၊ နန်းကထိပေလော၊ မုန့်လက်ဆောင်းပေလော၊ သာဂူပေလော။ မည်သည့်အလှူ၊ မည်သည့်အကျွေးအမွေးပင်ဖြစ်စေ၊ ဆာလောင်မွတ်သိပ်လှသော ရေကိုကား တဝကြီးသောက်ရပေတော့မည်ဟု စိတ်အားတက်မိလေသည်။

သို့နှင့်သာ ရွာကို အတော်နီးကပ်၍ လှမ်းမြင်ရသောအခါတွင် ရွာ အပြင် သရက်ပင်ရိပ်များအောက်၌ အလှူမဏ္ဍပ်ထိုးကာ မောင်းတဒူဒူ ဒိုးပတ်သံတညံညံနှင့် လူတွေ စုရုံးစုရုံးဖြစ်နေသော မြင်ကွင်းတစ်ရပ်ကို လှမ်းမြင်ရလေသည်။

"ဘမောင်.... အလှူမဏ္ဍပ်ကများ မင်းကို ဘာပဲခေါ်ကျွေးကျွေး ဝင်မစားနဲ့နော်"

ဦးကြီး၏ ထိုစကားအဓိပ္ပာယ်ကို ကျွန်တော်သည် နားမလည်ပါချေ။ ဤမျှလောက် ပူလောင်ပြင်းပြစွာ ခရီးကြမ်းနှင်လာရသောအခါ၌ ခပ်အေးအေးခပ်ချိုချို အကျွေးအမွေးကလေးများကိုမူ တအောင့်တနား နားရင်းနေရင်း စားသောက်ရန်သင့်လှပေသည်။

"ဘာဖြစ်လို့လဲ ဦးကြီးရ၊ မောပန်းလာတဲ့ ဥစ္စာ"

"အို.... ဒီကောင် တယ်ခက်ပါလား၊ ရေတောင်ဝင်မသောက်နဲ့ဟေ့၊ မင်း အင်းမရောက်တော့မှ ရေသောက်ချင်သောက်၊ စားချင်ရာစား ကြားရဲ့လား...."

"တစ်ရွာလုံး ကြပ်တွေမို့လား.... ဦးကြီးရ...."

"တယ်.... ဒီကောင် စကားကြောရှည်တာကိုး။ ကြပ်တွေတော့ မဟုတ်ဘူးကွ။ ကြပ်ထက်ဆိုးသေးတယ်။ တစ်ရွာလုံးဟာ ကလေးလူကြီး

mgyoe.com

mgyoe.com


တစ်ယောက်မကျန် အားလုံး ကိုယ်မကောင်းဖြစ်နေတဲ့ အနူတွေချည်းပဲ"

"ဗျာ.... အားလုံးနူနေတယ် ဟုတ်လား...."

"အေး.... ဟုတ်တယ် ဝမ်းထဲက ထွက်လာတဲ့ကလေးတောင် နူနေတာကွဲ့။ နေဦး ဒီအကြောင်းကို နောက်ပြီးတော့ မင်းကို ပြောပြမယ်"

ကျွန်တော်တို့သည် မကြာမီ အလှူမဏ္ဍပ်ရှေ့သို့ ရောက်ခဲ့လေသည်။ ကျွန်တော် ထင်သည့်အတိုင်းပင် အလှူမဏ္ဍပ်မှ မုန့်လက်ဆောင်းတိုက်ကျွေးနေခြင်းဖြစ်၏။ ကျွန်တော်တို့ကို မြင်သည့်အခါ မဏ္ဍပ်တွင်းမှ မိန်းမခပ်ကြီးကြီးတစ်ယောက်နှင့် မိန်းမငယ်တစ်ယောက်တို့သည် ခပ်သွက်သွက် ထွက်လာပြီး စားသောက်ရန် ခေါ်ငင်လေသည်။

ကျွန်တော့်ရှေ့မှ သွားနေသော ဦးကြီးသည် ခေါ်ငင်သူ မိန်းမနှစ်ဦးအား လက်ဝါးကာပြရင်းမှ "ပြန်မှဝင်မယ် ကလေးမတို့ရေ၊ ဦးကြီးတို့မယ် အရေးကြီးတဲ့ကိစ္စရှိနေလို့ သည်းခံကြပါကွယ်။ အပြန်မယ် ဆက်ဆက်ဝင်ပါ့မယ်" ဟု ရယ်သွမ်းသွေးပြောရင်းမှ ခြေလှမ်းကို ခပ်သွက်သွက် နှင်လေသည်။ ကျွန်တော်သည် ထိုမိန်းမနှစ်ဦး၏ မျက်နှာကိုသော်လည်းကောင်း၊ တစ်ကိုယ်လုံးကိုသော်လည်းကောင်း မသိမသာ အကဲခတ်မိ၏။

ကျွန်တော့်ဦးကြီးပြောထားသော စကားသည် မှန်လိမ့်မည်ဟု အကဲခတ်မိပါ၏။ မိန်းမကြီး၏ မျက်နှာမှာ ပွယောင်းယောင်း နီညိုညိုအကွက်များကို တွေ့ရသလို၊ မိန်းမငယ်၏ မျက်နှာတစ်ခုလုံးမှာလည်း အဖုအပိမ့်အကွက်များနှင့် ဖြစ်နေသည်ကို တွေ့ရလေသည်။

ကျွန်တော်သည် ဦးကြီး၏နောက်ပါးမှ နေကာ ခြေလှမ်းများကို ခပ်ကျဲကျဲ လှမ်းနေမိလေသည်။ ကျောထဲမှလည်း စိမ့်ခနဲဖြစ်မိ၏။ ထိုကဲ့သို့ ခရီးကို နှင်နေရာမှ မည်သို့သောအဖြစ်ကြောင့်များ ယခုလို တစ်ရွာလုံး အနူအဝဲတွေ ဖြစ်နေရပါလိမ့်မလဲ။ ဝဋ်ဆင်းရဲကြောင့်များပေလား ဟူ၍လည်း စိတ်ထဲမှ တွေးလာမိပေသည်။ ။

(၃)

ခန်းချောင်းရွာကလေးမှ လွန်မြောက်၍ ၅ ဖာလုံကျော်ကျော် လျှောက်မိသောအခါတွင် ကျွန်တော်တို့သည် ခန်းချောင်းကလေးသို့

mgyoe.com

mgyoe.com


ရောက်ခဲ့လေသည်။

ထိုချောင်းငယ်ကို ကူးတို့သမ္ဗန်နှင့် ဖြတ်ကူးပြီးမှ အင်းမရွာသို့ ရောက်မည်ဖြစ်လေသည်။

သို့ရာတွင် ရွာနှင့် ချောင်းငယ်သည် ကပ်နေသည်ကား မဟုတ်။ ၃– ၄ ဖာလုံ လျှောက်ရဦးမည် ဖြစ်လေသည်။

ဦးကြီးသည် ကူးတို့သမ္ဗန်ဆိပ်သို့ ဆင်းသက်သွားသည့်အခါ ကျွန်တော်သည် နောက်မှ လိုက်ပါသွားခဲ့၏။ ကူးတို့တဲငယ်သို့ ရောက်မှပင် ဦးကြီးသည် ကျွန်တော့်အား ရေသောက်ခွင့်ပြုပါသည်။

"ကူးတို့ဆရာ.... လွမ်းစေတီဆိပ်ကို အရောက်ပို့ပေးဗျို့၊ အဲဟိုကမှ ကျုပ်တို့ရွာကို ဆင်းလျှောက်မယ်၊ ကူးတို့ခတော့ ပိုယူပေါ့ဗျာ"

ကျွန်တော့်ဦးကြီးသည် ကူးတို့သမားအား ထိုကဲ့သို့ ပြောဆိုငှားရမ်းပြီးနောက် ကျွန်တော်တို့သည် သမ္ဗန်ပေါ်သို့ တက်ခဲ့ကြပါသည်။ ကျွန်တော်တို့ သမ္ဗန်ပေါ်ရောက်လျှင်ပင် ကူးတို့ဆရာသည် အများသူတကာတို့ ကူးသလို ချောင်းတစ်ဖက်ကို တည့်တည့်ဖြတ်မကူးဘဲ ချောင်းဦးရှိရာ အရှေ့ဘက်သို့ သမ္ဗန်ကို ဦးပေးကာ ခတ်တော့လေသည်။

နွေရာသီဖြစ်သောကြောင့် ချောင်းရေများ ကြည်လင်နေလေသည်။ ချောင်း၏ တစ်ဖက်တစ်ချက် ကမ်းခြေမှာ သဲမြေ၊ နုန်းမြေဖြစ်၏။ ဦးကြီး၏ ပြောစကားအရ ဤချောင်းရေများမှာ ဧရာဝတီမြစ်တွင်းမှ စီးဝင်လာသည် ဆို၏။ ထို့နောက်တော့ ချောင်းရေသည် အင်းမ,အင်းချောင်းနှင့် ဆက်စပ်သွားလေသည်။

အင်းမရွာမှ လူများသည် အင်းသူအင်းသားများဖြစ်သော်လည်း ဓနိချောင်း ရွာသူရွာသားတို့မှာ လယ်သမားများသာဟု ဦးကြီးက ပြောပါသည်။ ကျွန်တော်က ဦးကြီး၏ ပြောကြားမှုကို နားထောင်နေရာမှ စိတ်မကောင်းဖြစ်မိလေသည်။

ကောင်းသော အသက်မွေးခြင်းဖြစ်သည့် ဓနိချောင်းတစ်ရွာလုံး လူနူလူရွဲတွေချည်း ဖြစ်နေလျက် အင်းအလုပ်ဖြင့် အသက်မွေးသော အင်းမ တစ်ရွာလုံးကား မနူပါချေတကား။ ကံတရားသည် ဆန်းကြယ်လှလေသည် တကား။ သူတို့၏ဖြစ်ပုံကို ဦးကြီးပြောပြမှ သိရှိရပေတော့မည်သာ။

mgyoe.com

mgyoe.com


တချွင်ချွင်မြည်နေသော ဆည်းလည်းကို ညောင်ရွက်ခတ်သံသည် သာတောင့်စွာ ရှိအပ်လေသည်။ ထုံးဖွေးဖွေးဖြူနေသော စေတီငယ်သည် ချောင်းကမ်းထိပ်နှင့် မနီးမဝေးတွင် တည်ရှိစမွယ်နေ၏။ အပူရှိန် အတန်ကျသွားကာ ချောင်းရေငွေ့နှင့် ဇရာဝတီမြစ်ပြင်မှ တိုက်ခတ်လာသောလေသည် စောစောပိုင်း လယ်ကွက်များမှလေလို အပူ၏ အငွေ့အသက်များမပါတော့ဘဲ အေးမြလာသည်။

ကူးတို့သမ္ဗန်ခကို ဦးကြီးက ထုတ်ပေးပြီးနောက် ကျွန်တော်တို့သည် ကမ်းခြေသို့ တက်ခဲ့ကြ၏။ နောက်တော့ စေတီငယ်၏ ပရိဝုဏ်အတွင်းသို့ ဝင်ရောက်ခဲ့ကာ ဇရပ်ငယ်တစ်ခုအထဲ ဝင်ရောက်ခဲ့ကြ၏။

ထုံးစံအတိုင်းပင် စေတီငယ်ကို ဝတ်ဖြည့်ကြပြီး ဦးကြီးသည် စေတီနှင့် မလှမ်းမကမ်းရှိ အုတ်ဂူတစ်ခုဆီ ကျွန်တော့်အား ခေါ်ဆောင်သွားပါသည်။

ငုပင်နှင့် သရက်ပင်၏ အကိုင်းအခက်များသည် ဂူငယ်အား အေးချမ်းသောအရိပ်အာဝါသကို ဖြစ်စေသည်။ အတန်ငယ်လှမ်းသော နေရာတွင် ဘုန်းကြီးကျောင်းတစ်ကျောင်းကို တွေ့ရ၏။ သို့ရာတွင် စာသံပေသံမကြားရ။ တိတ်ဆိတ်ငြိမ်သက်နေလေသည်။ သမထဘာဝနာ၏ ဆိတ်ငြိမ်ခြင်းပေလော။

"အဲဒီဂူဟာ အင်းမသူကြီး ကိုဘကျော်ရဲ့သား မောင်မင်းမောင်ရဲ့ ဂူပေါ့"

ဦးကြီးသည် ဂူငယ်ကို လက်ညှိုးထိုးရင်းက ကျွန်တော့်အား ပြောလေသည်။

မောင်မင်းမောင် အသက် (၂၆) နှစ်

၁၃၀၁ – ခု ဝါခေါင်လဆန်း (၃) ရက် အနိစ္စရောက်သည်။

ဦးကြီးနှင့် ကျွန်တော်သည် ဝါးဖြင့် ပြုလုပ်ထားသော ကွပ်ပျစ်ငယ်တစ်ခုပေါ်သို့ ပြိုင်တူလို ထိုင်လိုက်မိလေ၏။

ဦးကြီးသည် တစ်အောင့်တစ်ဖြုတ်နားနေပြီး အောက်ပါစကားများကို ကျွန်တော့်အား ပြောကြားလေသည်။ ကျွန်တော်သည် ငြိမ်သက်စွာဖြင့်ပင် ဦးကြီး၏စကားကို နားစိုက်မိလေသည်။

mgyoe.com

စေတီငယ်မှ ဆည်းလည်းသံသည် ကျွန်တော်၏ စိတ်များကို ဆွေးတသိမ့်သိမ့် ရှိစေတော့လေသည်။ ။

(၄)

"ခနုံးချောင်းရွာက လူတွေဟာ အစတုန်းကတော့ လူကောင်းသူကောင်း လူရည်သန့်တွေပါကွယ်။ အခုလို ဘယ်ဟုတ်ပါ့မလဲ၊ သူတို့တစ်တွေက အင်းမရွာနဲ့ နီးကပ်နေပေမဲ့ အင်းမရွာက လူတွေကို သိပ်ရောရောဝင်ဝင် မနေကြဘူး။ ဘာပြုလို့လဲဆိုတော့ အင်းမရွာက လူတွေက အကုသိုလ်အလုပ်နဲ့ အသက်မွေးသူတွေကိုး"

"ဟိုအခါတုန်းက ခနုံးချောင်းရွာသူကြီးဟာ ဦးဘညိုတဲ့။ အသင့်အတင့် ပစ္စည်းရှိသလို ရတနာသုံးပါးကိုလည်း ကြည်ညိုလေးစားတဲ့ လူတစ်ယောက်ပေါ့။ သူ့မှာ သမီးတစ်ယောက်ရှိတယ်ကွဲ့။ သူ့သမီးက ထွေးစိန်တဲ့။ တစ်ရွာလုံးမှာတော့ အလှဆုံးအချောဆုံး သူငယ်မပေါ့"

"အဲ.... အင်းမသူကြီးကလည်း အခုလက်ရှိသူကြီး ကိုဘကျော်ပဲ။ သူကလည်း သားတစ်ယောက်တည်း ရှိတယ်။ သူ့သားက မောင်မင်းမောင်ပေါ့ကွယ်။ ကိုဘကျော်နဲ့ ကိုဘညိုဟာ ရွာချင်းကပ် သူကြီးတွေ ဖြစ်နေပေမဲ့ တစ်ယောက်နဲ့တစ်ယောက် မသင့်မြတ်လှဘူး။ ကိုဘညိုက ရတနာသုံးပါး သမား၊ ကိုဘကျော်က အကုသိုလ်နဲ့ အသက်မွေးတဲ့လူကိုးကွဲ့။ ဒါပေမဲ့ နှစ်ဦးစလုံးဟာတော့ စိတ်ကောင်းရှိကြသူတွေချည်းပါပဲ။

"အဲဒီလိုအတွင်းကပဲ တစ်ကြိမ်မှာ ခနုံးချောင်းရွာက ဘုန်းကြီး ပျံတော်မူလို့ လှည်းပြိုင်ပွဲလုပ်တဲ့အခါမှာ အင်းမရွာက မောင်မင်းမောင်ဟာလည်း လှည်းပြိုင်ပွဲဝင်တော့ ပြိုင်ပွဲတိုင်းမယ် နိုင်ခဲ့ရုံမကဘူး။ သူကြီးသမီး ထွေးစိန်နဲ့ ဟာ လူငယ်ချင်း ချစ်ကြိုက်ရည်ငံမိကြတာပေါ့ကွယ်။ အဲသလိုနဲ့ လူငယ်ချင်းက တစ်နေ့ထက်တစ်နေ့ ရင်းနှီးပြီး အချစ်ကြီးချစ်နေကြပေမဲ့ လူကြီးချင်းက သဘာဝမတူတော့ အခက်ကြီးခက် အဆွေးကြီးဆွေးနေကြရတာပေါ့"

"ခပ်တိုတိုပြောရရင်တော့ မောင်မင်းမောင်ဟာ သူ့ရဲ့ချစ်ကိစ္စ၊ အိမ်ထောင့်ကိစ္စကို သူ့ဖခင် သူကြီးကိုဘကျော်ကို ဖွင့်ပြောတော့ သူ့အဖေက မငြင်းဆန်ပါဘူး။ ထွေးစိန်နဲ့ သူ့သားကို သဘောတူပါတယ်။ ဒါပေမဲ့

mgyoe.com

mgyoe.com

ခက်နေတာက ကိုဘညိုဘက်က သူ့သမီးကို မောင်မင်းမောင်နဲ့ သဘော မတူဘူး။ ဒီအကြောင်းကို ကိုဘကျော်က သိလေတော့ 'ကဲ.... ငါ့သား၊ မင်းအနေနဲ့ ထွေးစိန်ကို လိုချင်သပဆိုရင် သူ့အဖေ ဘညိုသေတဲ့အထိ စောင့်ပေတော့။ ဒါမှမဟုတ်ရင်လည်း မင်းရည်းစားထွေးစိန်ကို ခိုးယူပေ တော့။ အဖေ့အနေနဲ့ကတော့ မငြင်းပယ်ပါဘူး' လို့ နောက်ဆုံးစကား ပြောထားတယ်"

"ဒီအကြောင်းကို မင်းမောင်က ထွေးစိန်ကို ဖွင့်ပြောတော့ ထွေးစိန် ကလည်း နောက်ဆုံး ကြံရာမရရင် ခိုးရာလိုက်ပါ့မယ်။ ဒါပေမဲ့ သုံးလလောက် တော့ ဆိုင်းပါဦး။ လယ်သိမ်း စပါးပေါ်ပြီးရင် နောက်ဆုံးအနေနဲ့ လိုက်ခဲ့ပါ့ မယ်လို့ ကတိပေးပြီးလို့ တစ်လလောက်အရမှာပဲ သူကြီးကိုဘညိုက ကောက်ရသလို နေထိုင်မကောင်းဖြစ်ရာက သေရှာပါလေရော"

"ကိုဘညိုဟာ ရွာသူကြီးလည်းဖြစ်တယ်၊ အတန်အသင့် ပိုက်ဆံ ကလေးကလည်း ရှိတယ်၊ အပေါင်းအသင်းကလည်း များတော့ သူ့အသုဘမှာ တစ်ရွာလုံး ဝိုင်းဝန်းကြတာပေါ့ကွယ်။ အဲဒီလို ဝိုင်းဝန်းကူညီတဲ့ ရွာသား ရွာသူတွေကို ကိုဘညိုရဲ့ညီ ကိုဘခိုက ရွာထဲက ဝက်မွေးတဲ့လူဆီမယ် ဝက်အပေါ်ခိုင်းပြီး ဝက်သားဟင်းနဲ့ ထမင်းကျွေးတယ်"

"ဒီအချိန်က ကိုဘညိုရဲ့ အလောင်းတောင် မသင်္ဂြိုဟ်ရသေးဘူးကွဲ့။ သေလို့မှ နှစ်ရက်ပဲရရုံ ရှိသေးသတဲ့။ ဒီလိုနဲ့သာ ဒီလူသိုက်တွေဟာ ဒီဝက်သား ဟင်းကို စားမိပြီး နှစ်ရက်သုံးရက်အရမှာ တစ်ကိုယ်လုံးယားယံလို့ အဖုတွေ အပိန့်တွေ ထွက်ကုန်ကြတာပါပဲ။ ဒီအထဲမှာ ထွေးစိန်လည်း ပါတယ်ပေါ့"

"နောက်ဆုံး ကိုဘညိုအသုဘကို သင်္ဂြိုဟ်ပြီးလို့ ရက်လည်ဆွမ်းကျွေး တော့ ဝက်သားဟင်းနဲ့ ကျွေးမယ်ဆိုတဲ့ အစီအစဉ်တောင် ဖျက်ပစ်လိုက်ကြ တယ်။ ဒါပေမဲ့ စောစောက ဝက်သားကိုစားမိတဲ့ လူတွေဟာတော့ တစ်ယောက်မကျန် နူကုန်တာပါပဲ...."

"အဲဒါက ဘယ်လိုဖြစ်လို့လဲ ဦးကြီးရဲ့"

ကျွန်တော်သည် မရှင်းလင်းသောအချက်ကို မေးမြန်းခြင်း ပြုလိုက်မိ လေသည်။

"ဒီလိုကွဲ့.... ဒီလို သူတို့ ဝက်အပေါ်ခိုင်းတဲ့အိမ်က လူဟာ....

mgyoe.com

mgyoe.com

ကိုယ်မကောင်းဖြစ်နေတဲ့ လူတဲ့ကွဲ.... အဲဒီလူဟာ ဝက်တွေမွေးထားလေတော့ သူစွန့်တဲ့ မစင်ကိုပဲ ဒီဝက်တွေက စားသလား၊ သူချိုးတဲ့ရေကိုပဲ ဒီဝက်တွေက သောက်မိသလား မဆိုနိုင်ပါဘူးကွယ်။ အကုသိုလ်ဝင်ချင်တော့ ဒီဝက်သားစားမိတဲ့ လူတွေမှန်သမျှ နူကုန်ပြီး နောက်ဆုံး ကူးစက်လိုက်တာ တစ်ရွာလုံး နူကုန်ပါလေရော"

"ကိုမင်းမောင်နဲ့ ထွေးစိန်တော့ ဘယ်လိုဖြစ်ကြသေးလဲ ဦးကြီးရဲ့...."

ကျွန်တော်၏ မေးခွန်းဆုံးလျှင်ပင် ဦးကြီးသည် ကိုမင်းမောင်၏ အုတ်ဂူကို တစ်ချက်လှမ်းကြည့်လိုက်ပြီး....

"အင်း.... ခမျာလည်း ကံဆိုးချင်တော့ ဒီသတင်းကြားတဲ့ အင်းမတစ်ရွာလုံးဟာ ကိုဘညိုရဲ့ အသုဘကိစ္စကိုတောင် မလာကြတော့ဘူး။ မောင်မင်းမောင်ရဲ့အဖေ သူကြီးကိုဘကျော်ဟာလည်း သူ့သားကို ထွေးစိန်နဲ့ ဘယ်နည်းနဲ့မှ သဘောမတူနိုင်ဘူး။ တော်တော်ကြာ သူတို့တစ်ရွာလုံး 'အနူအရွဲတွေ ဖြစ်ကုန်လိမ့်မယ်။ ရွာသူရွာသားအားလုံးရဲ့ မျက်နှာကို ထောက်ထားရမယ်လို့ သူ့သားကို ပြောတော့တာပါပဲ...."

"ဒီအကြောင်း ဒီစကားတွေကို ထွေးစိန်က ကြားလေတော့ သူ့အတွက်နဲ့ သူ့ချစ်သူ ကိုမင်းမောင်ဟာ အခုလို ဆွေကွဲမျိုးကွဲ မိကွဲဖကွဲ ရပ်ရွာနဲ့ ကွဲရတဲ့အဖြစ်မျိုး မရောက်ရဘူးဆိုတဲ့အနေနဲ့ ဓနုံးချောင်းထဲ ခုန်ဆင်းပြီး သေပွဲဝင်သွားရှာတယ်။ တစ်ခါ မောင်မင်းမောင်ဟာလည်း ဒီအကြောင်းကြားလေတော့ သူ့ကိုယ်သူ ကြိုးဆွဲချသေလိုက်တာပေါ့ကွယ်.... အဲဒါကြောင့် အင်းမရွာက လူတွေဟာ ထွေးစိန်ခုန်ဆင်းသေတဲ့ ဓနုံးချောင်းက ရေကို သုံးလည်းမသုံး သောက်လည်းမသောက်ဘူး။ ဓနုံးချောင်း တစ်ရွာလုံးနဲ့လည်း အဆက်အသွယ် မလုပ်ကြပေဘူး"

"အင်း.... လူ့ဘဝဆိုတာ ကုသလာဓမ္မာ.... အကုသလာဓမ္မာ.... ဆိုတဲ့ ကုသိုလ်အကျိုးပေး အကုသိုလ်အကျိုးပေး တရားအတိုင်းပေါ့ကွယ်...."

(၅)

ဦးကြီး၏ စကားအဆုံး၌မူ ကျွန်တော်၏ စိတ်များသည် နောက်ကျို ထိုင်းမှိုင်းခဲ့ရပေသည်။ ကျွန်တော်၏ မျက်လုံးများသည်လည်း ခပ်ညို့ညို့

mgyoe.com

mgyoe.com


မြင်နေရသော ထွေးစိန်တို့ရွာကလေးကို ကြည့်ရာမှ တသွင်သွင်စီးဆင်းနေသော ခန်းချောင်းရေပြင်သို့ မျက်စိရောက်သွားမိလေသည်။

ခန်းချောင်းရေပြင်ထက်မှ ထွေးစိန်၏ဝိညာဉ်သည် တအင်အင် ငိုပွဲဆင်နေမည်နှင့်အမျှ ကျွန်တော့်နံဘေးရှိ အုတ်ဂူတွင်းမှ ကိုမင်းမောင်၏ဝိညာဉ်သည်လည်း ကမ္ဘာချင်းသည့်တိုင် သူ့ချစ်သူ ထွေးစိန်အား စောင့်စားနေမည်သာပင်....။ ။

မြဝတီမဂ္ဂဇင်း၊ မတ်၊ ၁၉၆၁။

❒

mgyoe.com

mgyoe.com

# ရွှေမနိုင်ခင်လေး

(၁)

အငြိမ့်ပိုင်ရှင် ဦးချစ်ဖွယ်နေအိမ်သို့ ကျွန်တော် ရောက်ရှိခဲ့ပြီးနောက် တစ်လလောက်အကြာ၌ပင် ခင်လေးတစ်ယောက်လည်း ဦးချစ်ဖွယ်အိမ်သို့ ရောက်ရှိလာခဲ့လေသည်။

ဤလို ခင်လေးနှင့် ကျွန်တော်တို့ အငြိမ့်ထောင် ဦးချစ်ဖွယ်ထံ ရောက်ရှိလာခဲ့ကြသည်မှာ ရှေ့ဆင့်နောက်ဆင့်ဖြစ်သော်လည်း ရောက်ရှိပုံ ရောက်ရှိနည်းနှင့် ဖြစ်ကြောင်းဖြစ်ရပ်များကမူ တစ်ဦးနှင့် တစ်ဦး တစ်ယောက်နှင့် တစ်ယောက် တူညီခြင်း မရှိကြပါပေ။

ကျွန်တော်က ယခုနှစ်တွင် ဦးချစ်ဖွယ်တည်ထောင်ထားသော 'မင်းသမီးစိန်လှကြည်' ခေါင်းဆောင်သည့် အငြိမ့်အဖွဲ့တွင် တီးဝိုင်းခေါင်းဆောင်နှင့် အစစ သွန်သင်ညွှန်ကြားမှုကို ဆောင်ရွက်လုပ်ကိုင်ရန် နှစ်ချုပ်နှင့် လက်ခံစာချုပ်၍ အလုပ်တာဝန်အရ ရောက်ရှိလာသူတစ်ယောက် ဖြစ်ပါသည်။

ခင်လေးကတော့မူ ဤသို့ ရောက်ရှိလာခြင်းမဟုတ်။

ခင်လေးသည် ထိုစဉ်အခါက အသက်အားဖြင့် ၁၃ နှစ်မှ လပိုင်း ကျော်ရုံကလေးသာ ရှိသေးသည်ဟု သူ့အား ဦးချစ်ဖွယ်ထံတွင် လာရောက်

mgyoe.com

mgyoe.com

ပို့အပ်သွားသော သူ့ကြီးတော် ဒေါ်မဲ၏ ပြောစကားအရ သိလိုက်ရပေသည်။

အသားမဖြူမညို နှာတံကလေးပေါ်ပေါ်နှင့် ပိရိသော နှုတ်ခမ်းပါးကလေးများရှိသည့် ခင်လေး၏ ရုပ်ရည်မှာ အပျိုဖော်ဝင်စ ဖြစ်သောကြောင့်လည်း တစ်တစ်ရစ်ရစ်နှင့် ရွက်ကြမ်းရေကျို ရုပနိကာယ်ရှိသူ ကလေးတစ်ယောက်လည်း ဖြစ်လေသည်။

နက်မှောင်ရှည်လျားကာ ပခုံးနှစ်ဖက်ပေါ်ဝယ် ပျံ့ဝဲလျက်ရှိနေသော ဆံတောက်ကြီးတဖားဖားနှင့် ဖျင်ကြမ်းအင်္ကျီလက်အိုးပွ သုံးမူးတန် သရက်ထည်ထဘီ တစ်ပတ်ရစ်လောက်နှင့် ကောက်စိုက်သူမကြီး ဂိုက်ဖမ်းနေသော ခင်လေးအား ကျွန်တော်တို့ အငြိမ့်တစ်ဖွဲ့သားလုံးက မည်သူမျှ စိတ်မဝင်စားကြပါ။ အငြိမ့်ထောင်အိမ်တွင် တောက်တိုမည်ရစေခိုင်းရန် တောသို့ မှာထားသဖြင့် လာရောက်ပို့အပ်သွားကြောင်းက လွဲ၍လည်း ခင်လေးတွင် အဘယ်သို့သော ထူးခြားသည့် ဝိသေသဂုဏ်ထူးမှလည်း မပါရှိခဲ့။

နောက်တစ်ခု သိကြရသည်မှာလည်း ခင်လေးသည် မိဘမရှိရှာတော့သည့် ဆင်းရဲသူကလေးတစ်ယောက်ဖြစ်၍ အငြိမ့်ပိုင်ရှင် ဦးချစ်ဖွယ်တို့၏ ရွာမှ ဖြစ်သည်ဆိုသောအချက်နှင့် သူ့အား ကောက်ယူကျွေးမွေးထားသော သူ့ကြီးတော် ဒေါ်မဲမှာ ကျေးလက်မှ နွမ်းပါးလှသော လယ်ကူလီမုဆိုးမ တစ်ဦး ဖြစ်ခြင်းကြောင့် ခင်လေး၏ တာဝန်ကို ရှေ့ဆက်၍ မထမ်းနိုင်တော့သဖြင့် ဦးချစ်ဖွယ်ထံ အပြီးအပိုင် မွေးမြူပါရန် လာရောက်ပေးအပ်သွားသည် ဟူသောအကြောင်းပင် ဖြစ်လေသည်။

ဤအကြောင်း ဤအချက်များမှ လွဲ၍လည်း ခင်လေး၏ အကြောင်းသည် ဘာမျှ မထူးခြားခဲ့။ စိတ်ဝင်စားဖွယ်လည်း မရှိခဲ့။ ဦးချစ်ဖွယ်၏ နေအိမ်တွင် ကျွန်တော်တို့နှင့် တစ်အိုးတည်းစား လူတစ်ယောက်တိုးလာ၍ ဦးချစ်ဖွယ်ပိုင် ထမင်းအိုးတွင် ဆန် နို့ဆီနှစ်ဘူးမောက်မောက် ပိုချက်ပါမှ လောက်ငပေသည်။ ခင်လေးသည် တောကျေးသူပီပီ အစားကောင်းလှတော့၏ ဟူသော အကြောင်းလောက်ကသာ သူနှင့်ပတ်သက်သမျှသော အကြောင်းများအနက် အထူးခြားဆုံးသော သတင်းတစ်ရပ်ပင် ဖြစ်ခဲ့ပေသည်။ ။

mgyoe.com

mgyoe.com


(၂)

ဝါခေါင်လ ကုန်ဆုံးလွန်မြောက်ခဲ့ပြီးနောက် တော်သလင်းလဆန်းရက်သို့ ရောက်ပြီဆိုလျှင်ပင် ကျွန်တော်တို့၏ အငြိမ့်အဖွဲ့သားအားလုံးသည် ပြုဖွယ်ရာ လုပ်ငန်းဆောင်တာများကို စတင်ကာ လုပ်ကိုင်ကြရပေသည်။ ဦးချစ်ဖွယ်သည် ယခုနှစ်အတွက် အငြိမ့်ကို နှစ်ဖွဲ့ခွဲ၍ ထွက်နိုင်ရန် စီမံစိုင်းပြင်းနေခြင်းကိုလည်း ကျွန်တော်တို့က သိနှင့်ပြီးဖြစ်လေသည်။

ဦးချစ်ဖွယ်မှာ အငြိမ့်သဘင်လောကတွင် တစ်နေ့တခြား လူသိများလာခဲ့ရုံမျှမက အပေါင်းအသင်းအနေနှင့်ကလည်း ဝင်ဆံ့သူတစ်ဦး ဖြစ်လေသည်။ ယမန်နှစ် ကျွန်တော်မရောက်မီက စိန်လှကြည်၏ အငြိမ့်အဖွဲ့သည် အတော်ပင် နာမည်ရ လူကြိုက်များလာသောကြောင့် ပွဲငှားသူများနှင့် ဝိုင်းဝိုင်းလည်အောင် ဖြစ်ခဲ့ရ၏။ သို့ကြောင့်ပင် အချို့အချို့သော ပွဲငှားသူများကို လက်ခံခြင်းမပြုနိုင်ဘဲ ငြင်းပယ် လက်လွှတ်ခဲ့ရသဖြင့် မျက်နှာပူအားနာခဲ့ရကြောင်းနှင့်လည်း ဦးချစ်ဖွယ်က ကျွန်တော့်ကို ပြောပြခဲ့ဖူးလေပြီ။ ထိုအကြောင်းတို့ကြောင့်လည်း ဦးချစ်ဖွယ်သည် ယခုနှစ်အဖို့ အငြိမ့်ကို နှစ်ဖွဲ့ဖြစ်နိုင်ရန် စီမံစိုင်းပြင်းနေတော့လျက် စိန်မြသန်းအမည်ခံ ခေါင်းဆောင်မင်းသမီးတစ်လက်ကိုပင် လွန်ခဲ့သော ၄–၅ ရက်ကမှ စရန်ငွေများ သတ်မှတ်ကာ စာချုပ်စာတမ်းပြုလုပ်၍ ငှားရမ်းထားပြီး ဖြစ်ကြောင်းနှင့်လည်း သိထားရပေသည်။

ကျွန်တော်က စိန်လှကြည်အဖွဲ့မှ တီးဝိုင်းခေါင်းဆောင်နှင့် တာဝန်ခံအုပ်ချုပ်စီစဉ်ရသူသာ ဖြစ်သဖြင့် ကျွန်တော်တို့အဖွဲ့အတွက် သီချင်းများတက်ပေးရခြင်း၊ တီးကွက်တီးဝိုင်းတိုက်ရခြင်း၊ ပရိသတ်ကြိုက်မည့်နောက်ပိုင်း ဇာတ်လမ်းတိုကလေးများကို စီစဉ်ရခြင်း၊ လူရွှင်တော်များ၏ ဟာသကွက်များကို စိတ်တိုင်းကျဝင်စေရန် ညှိနှိုင်းကြရခြင်း စသော နေ့စဉ်အလုပ်များနှင့် မအားလပ်အောင် ရှိနေရပေသည်။

သီတင်းကျွတ်လဆန်းရက် ရောက်လျှင်ပင် ကျွန်တော်တို့အဖွဲ့မှာ ဆွမ်းတော်ကြီးတင်ပွဲ၊ ဆွမ်းသိမ်းပွဲ၊ ဘုရားပွဲ စသော သီတင်းကျွတ်၏ ပွဲတော်၊ လမ်းတော်များကို ဆက်တိုက်ဝင်ရန် စရန်လက်ခံပြီး၊ ရက်ချိန်းသတ်မှတ်ပြီးများချည်း ဖြစ်လေသည်။ သို့ကြောင့်လည်း ယခုရက်များတွင် တစ်ဖွဲ့သားလုံး

mgyoe.com

mgyoe.com


အတွက် အကွက်စေ့အောင် စီမံဆောင်ရွက်နေရတော့လေသည်။ ထိုကဲ့သို့ အလုပ်များ များကြကာ ကျွန်တော်နှင့် တီးဝိုင်းအဖွဲ့သားများ တီးဝိုင်းတိုက်နေသည့်အခါများနှင့် စိန်လှကြည်နှင့် လက်ထောက်မင်းသမီးနှစ်လက်တို့ နောက်ပိုင်းအတွက် သူ့အကွက် သူ့အခန်းနှင့် ကိုက်ညီအောင် တစ်ယောက်ကို တစ်ယောက် ဇာတ်သဘင်ထုံးစံအရ အကွက်ဝင် အကွက်ဆိုက်အောင် ပို့ပေးရသော ဆိုခန်း ကခန်းများတွင် ခင်လေးသည် အားအကျကြီးကျသလို တရှူတမောနှင့် ညဥ့်နက်သန်းခေါင်အထိ ငေးမောကာ ထိုင်ကြည့်နေတတ်ပေသည်။ တစ်ဖန် နေ့လယ်နေ့ခင်းအချိန်များ၌လည်း ခင်လေးမှာ အိမ်မှုကိစ္စဗာဟီရတာဝန်များကို လုပ်ကိုင်နေရပေရာ ဤသည့်စပ်ကြားမှပင် ကျွန်တော်တို့ အနီးသို့ တရစ်ဝဲဝဲ လာကပ်နေတတ်တော့ပေ၏။

နောက်တော့လည်း ဦးချစ်စဖွယ်၏ ဇနီး ဒေါ်လှရှင်က ကျွန်တော်တို့ အငြိမ့်အဖွဲ့သားများအတွက် လက်ဖက်ရည်ကြမ်း၊ လက်ဖက်သုပ်၊ ပဲလှော်စသည်များကို အချိန်နှင့် စီစဉ်ပေးခိုင်းထားပြန်ပေရာ တစ်အိုးတည်းစား တစ်အိမ်တည်းနေကြရသည့် ကျွန်တော်တို့အဖွဲ့ဝင်များနှင့် ခင်လေးမှာ တစ်စတစ်စသော် ရင်းနှီးကျွမ်းဝင်သောအဖြစ်သို့ ရောက်ရှိလာခဲ့ရပေသည်။

ဦးချစ်ဖွယ်မှာ ကျွန်တော်တို့၏အဖွဲ့ကို လုံးလုံးပင်ပြန်၍ လှည့်မကြည့်နိုင်အောင် ဖြစ်နေတော့၏။ သူ့မှာ စိန်မြသန်းတို့ နောက်တစ်ဖွဲ့အတွက် လိုအပ်မှုများကို အပြင်းအထန် လုံးပန်းနေရဟန် ရှိလေသည်။ တီးဝိုင်းအတွက်မှာမူ တီးဝိုင်းခေါင်းဆောင် 'ဟွန်းတယော ကိုတင်အုန်း' အဖွဲ့နှင့် ပြောပြီးဆိုပြီး စာချုပ်စာတမ်းများ ပြုလုပ်ပြီးသည်တစ်ကြောင်း၊ ဟွန်းတယော ကိုတင်အုန်း၏ တီးဝိုင်းအဖွဲ့မှာ ကျွန်တော်ကဲ့သို့သော ဒိစတြိတ်မြို့တစ်မြို့မှ တည်ထောင်ထားသည့် အငြိမ့်အဖွဲ့ကို မဆိုထားဘိ၊ ရန်ကုန်မြို့၏ အငြိမ့်သဘင်လောကထိအောင်ပင် ထိုက်သလောက် နာမည်ပေါက်ရောက်လျက်ရှိသောကြောင့် စိန်မြသန်းတို့အတွက် တီးဝိုင်းကိစ္စနှင့် ပတ်သက်၍မူ ကျွန်တော်၏ အကူအညီမှာ မလိုသလောက် ဖြစ်နေတော့လေသည်။

"ဟ.... ကောင်မလေး၊ ပဲကြီးလှော်တွေချည့် တို့ကို ကျွေးကျွေးနေ၊ ငါ့မယ် အိမ်ရောက်ရင် မိန်းမနဲ့ တကျက်ကျက် ရန်ဖြစ်နေရသဟ...."

"ပဲကြီးလှော်ကျွေးတာနဲ့ ဦးလေးမိန်းမနဲ့ ရန်ဖြစ်တာ ဘာဆိုင်

mgyoe.com

mgyoe.com


လို့တုံး....”

“ဆိုင်ပါသော်ကောဗျာ၊ ဟော.... အငြိမ့်တိုက်ရင်း ပဲကြီးလှော်သုပ်တွေ ခွစားကော၊ ညအိပ်ရာထဲရောက်တော့ တဘူဘူနဲ့ အီးတွေနင်းပေါက်တော့ မိန်းမနဲ့ ညတိုင်း ရန်ဖြစ်နေရတာပေါ့....”

“ဟင်.... ဦးလေး ကိုမေတ္တာကလည်း ပြောရှာ့မယ်....”

တစ်နေ့ခင်း ကျွန်တော်တို့တစ်တွေ အငြိမ့်တိုက်နေရာသို့ ခင်လေးသည် ရေနွေးကြမ်းအိုးနှင့် ပဲကြီးလှော်သုပ်ပန်းကန်ကို လာပို့သည် တွင် အငြိမ့်လူရွှင်တော် ကိုမေတ္တာက ရွှတ်နောက်နောက် လုပ်လိုက်သဖြင့် ခင်လေးမှာ ရှိုးတိုးရှန့်တန့်နှင့် မျက်နှာကလေး ကြောင်အမ်းအမ်းဖြစ်သွား ရာမှ ပြောနေခြင်းဖြစ်လေသည်။

“ကောင်မလေး.... တို့အဖွဲ့ထဲ လိုက်မလားဟေ့....”

ခြောက်လုံးပတ်ကလေးများကို ပတ်စာ ညှိရင်း လက်ဖျားခတ်စမ်း နေသော ဒိုးတီးမောင်ကျော်က ခင်လေးကို အကဲစမ်းလေသလားမသိ၊ ကောက်ကာငင်ကာ မေးလိုက်၏။ ခင်လေးသည် တွေနေသည်မှလွဲ၍ ဘာမျှ ပြန်အဖြေမပေးပေ။

“ပြောလေ.... နင် အငြိမ့်မင်းသမီး မဖြစ်ချင်ဘူးလား....”

“ဖြစ်ချင်တာပေါ့ရှင်.... အငြိမ့်သမဖြစ်ချင်လို့ ဒီအိမ်ကို လာနေတာပဲ ဟာ....”

ခင်လေးသည် သူ့လက်ဖဝါးကလေးနှစ်ဖက်ကို အသာအယာပွတ် ရင်းမှ အိမ်တွင်းဆီသို့လည်း သမင်လည်ပြန် လှမ်းကြည့်ကာ အသံကလေး အုပ်အုပ်နှင့် ပြန်ဖြေလေသည်။

“အေး.... စိန်လုကြည်တို့လို နာမည်ကျော် အငြိမ့်သမဖြစ်ချင်ရင် ဟောဒီ ဆရာကိုလေးမောင်ကို ကပ်၊ သူကမှ လုပ်ပေးနိုင်တာ....”

မောင်ကျော်က ကျွန်တော့်ဘက်သို့ လှည့်၍ ခပ်တည်တည်နှင့် တွန်းလိုက်လေသည်။ ဤအခါတွင် ခင်လေးသည် ကျွန်တော်ပတ္တလားတီး နေရာသို့ ရွှန်းရွှန်းဝေသော မျက်လုံးအစုံတို့ဖြင့် မမိုတ်မသုန် လှမ်းကြည့် လိုက်၏။ ကျွန်တော်သည် ပတ္တလားကို သံမှန်စမ်းနေရာမှ တစ်ချက်မျှ ပြုံး၍ သူ့ကို ကြည့်လိုက်ရသည်။ တစ်ပါးသူအိမ်ထက်ဝယ် ကျွန်လိုလို

mgyoe.com

mgyoe.com


ကျေးလိုလိုနှင့် တစ်ကောင်ကြွက်ကလေးဖြစ်နေရှာသော ခင်လေးအား ကျွန်တော်သည် သနားကရုဏာ သက်လှမိပေသည်။

တကယ်ဆိုတော့လည်း ခင်လေးတစ်ယောက်၏ ဘဝမှာ သူတထူး အိမ်ထက်တွင် မျက်စိသူငယ်နှင့် ရင်နာဖွယ်ကောင်းလှသော ထမင်းစား ကျွန်ခံဘဝပါပေကလား။ ။

* * *

ခုတစ်လော ရက်ကိုလုကာ အလုပ်များနေရသောကြောင့် ကျွန်တော် သည် ဦးချစ်ဖွယ်နှင့်ပင် အေးအေးလူလူ စကားစမြည် မပြောခဲ့ရ။ ဤရက် များ၌ ဦးချစ်ဖွယ်မှာလည်း အိမ်တွင် နားရသည်၊ ကပ်ရသည်မရှိဘဲ အပြင် သို့သာ ခရီးယာယီကျလျက် တစ်သွားတည်းသွား၊ တစ်ထွက်တည်းထွက်နေရ ပေ၏။

"ကိုလေးမောင်ရေ... အစစအဆင်ပြေအောင်သာ ကြည့်လုပ်ပေတော့ ဗျို့၊ ငွေလိုရင်လည်း မလှရှင်ဆီမယ် တောင်းပေါ့ဗျာ"

ဦးချစ်ဖွယ်သည် ထိုစကားမျှလောက်ကိုသာ ထရာမှ မထိုင်တမ်း ပြောတတ်လျက် အပြင်သို့သာ အလျင်တဆော ထွက်သွားတတ်လေသည်။ သူ့မှာလည်း စိန်မြသန်းတို့အဖွဲ့အတွက် တာဝန်တွေက များလှပေမင့်ကိုး။

ကျွန်တော့်တွင်လည်း ကျွန်တော့်အဖွဲ့နှင့် ကျွန်တော် ခရီးထွက်ရခါနီး ပွဲချိန်းရက်များ နီးကပ်လှနီးမို့ မနားတမ်း အလုပ်များနေရသည့်နည်းတူ ဦးချစ်ဖွယ်မှာလည်း နောက်တစ်ဖွဲ့အတွက် လိုအပ်သည်များကို အလျင် တဆော လုံးပန်းနေရလေသည်။ ဒေါ်လှရှင်မှာမူ ပွဲငှားလာသူများနှင့် ရက်ချိန်းသတ်မှတ်ရခြင်း၊ ဈေးနှုန်းပြောဆိုရခြင်း၊ စရန်ငွေလက်ခံကာ စာချုပ်စာတမ်းများ ပြုလုပ်ရခြင်းနှင့် မအားလပ်အောင် အလုပ်များနေရလေ သည်။

ထိုကဲ့သို့ ကျွန်တော်တို့တွင်လည်း အလုပ်များ၊ ဒေါ်လှရှင်ကိုယ်တိုင် မှာလည်း နေ့စဉ်အမျှ ဧည့်တရုန်းရုန်းဖြစ်နေသည့်နည်းတူ ခင်လေးနှင့် ဦးချစ်ဖွယ်၏ နှမတစ်ယောက်တို့မှာလည်း တစ်အိမ်လုံး၏ စားရေးသောက် ရေးအတွက် ဈေးတလုံးလုံး ချက်ရပြုတ်ရနှင့် မီးဖိုဆောင်အလုပ်များက

mgyoe.com

mgyoe.com


ဖိလျက်ရှိလေသည်။

ဤသူတွေထဲကမှ နေ့တစ်ချိန်လုံးလုံးနှင့် ညတစ်ဝက်လုံးလုံး မနား တမ်း ပင်ပန်းနေရသူမှာ ခင်လေးပင် ဖြစ်ပါသည်။ ဒါပေမဲ့ ခင်လေးခမျာ တစ်ချက်ကလေးမှ မျက်နှာပျက်နေသည် မတွေ့ရ။ ချွေးတွေ သံတွေ တရွှဲရွှဲ တစိုစိုထဲကပင် သွက်လက်ဖျတ်လတ်စွာနှင့် ခိုင်းသူတွေခိုင်းတိုင်း မညည်း မတွား လုပ်နိုင်စွမ်းလှပေသည်။

"ခင်လေး.... ထည့်ဦးဟ.... ရေနွေးတစ်အိုး"

ဆေးအစိမ်းရောင် သုတ်ထားသော ဇာတ်ဆောင်ထင်းရှူးသေတ္တာကို မှီထိုင်နေသည့် ခင်လေးအား စိန်လှကြည်၏ ကကြိုးကကွက် ပြီးဆုံးသွားသော အခါ၌ တီးဝိုင်းရှိလူများသည် ဤသို့ စေခိုင်းကြပြန်လေသည်။

ခင်လေးသည် လျင်မြန်သွက်လက်စွာနှင့်ပင် ရေနွေးကရားကို ထယူ ပြီးနောက် မီးဖိုဆောင်ရှိရာသို့ ခပ်သုတ်သုတ် ထွက်သွားလေသည်။

"ကောင်မလေးတော့ ကြာရင် အငြိမ့်သမရူး ရူးပါလိမ့်မယ်ကွာ"

စည်းနှင့်ဝါးကိုင် ငြိမ်းမောင်က မကြားတကြား ပြောလေသည်။

"ဒါပေါ့ကွ.... တော်တော်ကြာရင် တို့အဖွဲ့ထဲရောက်လာမလား၊ စိန်မြသန်းတို့အဆိုင်းနဲ့ ပါသွားမလားပဲ"

မောင်ကျော်သည် လက်ရင်းမှ ဗုံတစ်လုံးကို ပတ်စာထိုးလိုက် အသံ ညှိလိုက်လုပ်ရာမှ ထိုစကားကို ပြောလိုက်၏။

"ဒီကောင်မလေး.... အငြိမ့်သမဖြစ်ရင် စိန်လှကြည်ထက် စားသာ သဟေ့...."

နဲ့ဆရာ ကိုဘဆန်းက သူ၏ ထင်မြင်ချက်ကို ဆိုလေသည်။ နဲ့ဆရာ ကိုဘဆန်းမှာ ကျွန်တော်တို့အဖွဲ့ထဲတွင် အသက်အရွယ်အားဖြင့်လည်း အကြီးဆုံးသောသူ တစ်ယောက်ဖြစ်လျက် အလွန်တရာပင် စကားနည်း နှုတ်နည်းသော လူတစ်ယောက်လည်း ဖြစ်ပေသည်။

"ဆိုစမ်းပါဦး။ ဘာကြောင့်"

မျက်နှာမှ ပြန်ထွက်နေသော ချွေးစေးများကို တို့ပတ်ဖြင့်ရိုက်နေသော စိန်လှကြည်သည် ဦးဘဆန်းအား မျက်ခုံးကလေးတစ်ဖက် ပင့်ကြည့်လျက် မေးလိုက်လေသည်။

mgyoe.com

mgyoe.com


"နင့်ထက် ကိုယ်ပေါက်ကိုယ်ရောက် တောင့်သပဟ၊ အကိုကာလသား တွေက ဒါလိုဟာမျိုးမှ သဘောတွေ့ မဟုတ်လား"

စကားနည်းသော ကိုဘဆန်း၏ အရွှန်းဖောက်မှုကြောင့် အားလုံးပင် ဝေါခနဲ ပွဲကျသွားတော့၏။ မကြာမီပင် ခင်လေးသည် ရေနွေးကရားကို ယူ၍ ပြန်ရောက်လာပေပြီ။ ဘာကြောင့်ရယ်လို့တော့ မသိ၊ ကျွန်တော်၏ စိတ်ထဲတွင် ခင်လေးကို အငြိမ့်မင်းသမီး မဖြစ်စေချင်ပါ။ နောက်တော့လည်း စိတ်ထဲက မကောင်းသလိုလို ဖြစ်သွားမိ၏။ သို့ကြောင့် ကျွန်တော်သည် ခင်လေးရှိရာသို့ လှမ်းကြည့်လိုက်သည်။ ခင်လေးသည် စိန်လှကြည်အနီး တွင် ထိုင်နေရာမှ ကျွန်တော့်ထံသို့ ငေးစိုက်လျက်ရှိပါသည်။

ကျွန်တော်၏ စိတ်ဝမ်းများသည် ခင်လေးကို နှမငယ်ကလေး တစ်ယောက်ပမာ သနားကြင်နာမိသည်။ ဒီအတိုင်းသာ ဆိုပါချေကလည်း တစ်နေ့နေ့တွင် ခင်လေးသည် မုချမလွဲပင် အငြိမ့်သမတစ်ယောက်ဖြစ်တော့ မှာပဲဟု ကျွန်တော် တွက်ဆမိလိုက်သည်။ ဒါပေမဲ့ ကျွန်တော်သည် ခင်လေး ကို အငြိမ့်သမ မဖြစ်စေချင်ပါ။

ကျွန်တော်တို့၏ အငြိမ့်သဘင်လောကဆိုသည်က အလွန်တရာမှ စိတ်ပျက်စရာ ကောင်းလှပါသည်။ တတ် ၃ – တတ်ကို ကြေညက်ပါမှလည်း တန်ကာမျှကျပေသည်။ အနေတတ်၊ အစားတတ်၊ အသွားတတ်ပါမှ လူချီးမွမ်း မခံရသည်တိုင် အကဲ့ရဲ့လွတ်ပါမည်။ အသွားမတော်တစ်လှမ်းဆိုသည့် ဥပမေယျကလည်း ကျွန်တော်တို့ကဲ့သို့သော သဘင်သည်များအဖို့ ရာခိုင် နှုန်းပြည့် မှန်ကန်ပါ၏ဟု ဆိုငြားအံ့ လွန်လွန်းရာမကျနိုင်ပါ။ နောက်တော့ လည်း ရွာရိုးကိုးပေါက်တွင် တစ်မြို့ဝင် တစ်မြို့ထွက်နှင့် အမျိုး ၄ ပါးတို့ အား အယုတ်အလတ် အမြတ်မရွေး ဖြေဖျော်နှစ်သိမ့်နေရသော သဘင် လောက၏ ဘဝမှာ လူတိုင်းလူတိုင်းကို အောက်ကျို့ရလျက် လူတိုင်းတို့၏ စိတ်နေသဘောထားနှင့် လိုက်လျောညီထွေ ကျင့်တတ်ရန်လည်း လိုလှပေ သည်။

သည်လိုကျင့်သည့် ကြံသည့်အထဲမှပင် တစ်ခါတစ်ခါတော့ မိမိတို့၏ အသက်မွေးဝမ်းကျောင်းမှုတွင် အဓိက အားထားမှီငြမ်းရာဖြစ်သော ဇာတ်စင် ၏ အမှောင်ရိပ်နောက်ကွယ်ဝယ် ပြောမကောင်းနိုင်သည့် ဂြိုဟ်ဆိုးတွေက

mgyoe.com

mgyoe.com

အမျိုးမျိုးအဖုံဖုံ မွေခဲ့ပွေခဲ့သည်တော့ မဟုတ်ပါလား။

* * *

သဘင်ရည် ဇာတ်ရည်ဝလာသော အငြိမ့်သမတစ်ယောက်အနေနှင့် ဆိုပါကလည်း သူ့ဘဝ သူ့သက်တမ်းဝယ် အဘယ်ပုံ အဘယ်နည်းနှင့် ငိုပွဲယိုပွဲကြီးတွေ အဘယ်မျှ ဆင်ခဲ့ရပြီးသည်မှစကာ အမိုက်အမှောင်၏ ညွှတ်ကျော့ကွင်းမှ အဘယ်မျှအထိ စွန့်စား၍ အဘယ်ပုံ ရုန်းကန်လွတ်မြောက်ခဲ့ရသည်ဆိုခြင်းကိုလည်း ပြန်ပြောင်း၍ တွေးပါမှ ကြက်သီးမွေးညင်းထစဖွယ် ရှိလှပေသည်။

တကယ်ဆိုတော့ ကျွန်တော်သည် ခင်လေးတစ်ယောက်အား အငြိမ့်မင်းသမီး မဖြစ်စေလိုပါ။

ကျွန်တော်သည် မကြည်မြေ့သော စိတ်အတွေးကို အရှည်ဆက်ကာ ဇက်လွှတ်၍ မပေးလိုတော့သဖြင့် ခင်လေးထံမှ မျက်စိအာရုံလွှဲကာ ငါးပေါက်သံပဏာမတစ်ပုဒ်ကို ကောက်၍သာ ပျိုးလိုက်မိလေသည်။

သည်တော့မှလည်း ငြိမ့်ညောင်းသော တေးဂီတက တစ်အိမ်လုံးကို ဖုံးလွှမ်းသွားလေသည်။ ဤလိုအခါကျပြန်တော့လည်း ပျံ့လွင့်လှုပ်ရှားနေသော ကျွန်တော်၏ စိတ်အာရုံတို့က ဂီတ၏ ဆွဲဆောင်ရာသို့ ကောက်ကောက်ပါ လိုက်မိလေသည်။ ။

(၃)

တော်သလင်းလ၏ ညလယ်ခင်းမှာ ပူလောင်လောင် အိုက်စပ်စပ် ရှိလှသည်။

ကျွန်တော်သည် လဆန်းပက္ခ၏ မှုန်မွှားသော လရောင်အောက်ဝယ် အိမ်ရှေ့မန်ကျည်းပင်အောက်ရှိ ကွပ်ပျစ်ပေါ်တွင် ထိုင်ရင်းက ကျွန်တော်နှင့် မစပ်ဆိုင်လှသော အကြောင်းတစ်ရပ်ကို တွေးနေမိပေသည်။

ဘာရယ်လို့တော့ မဟုတ်။ ကိစ္စတာဝန်တစ်ရပ် ပြီးဆုံးသွားသည့်အခါ ထိုပြီးဆုံးသွားခြင်းအကြောင်းကြောင့်ပင် ပခုံးပေါ်တွင် ထမ်းထားရသော ဝန်ထုပ်ကို ချလိုက်ရသည်နှင့်မခြား သွက်လက်ပေါ့ပါးသွားခြင်းကြောင့်

mgyoe.com

mgyoe.com


လည်း ဝိတက် ဝိစာရ ကင်းနေသဖြင့် မစပ်ဆိုင်လှသော အကြောင်းတစ်ရပ်က ကျွန်တော့်ခေါင်းတွင်းသို့ ဝင်ရောက်လာခြင်းဖြစ်ဟန် ရှိချေသည်။

ခက်သည်က အလုပ်တာဝန်များ အေးဆေးသွား၍ စိတ်ချမ်းမြေ့မှုသုခကို ခဏခေတ္တမျှ ခံစားရမည်ကြံခိုက်တွင် ဤမည်သောအကြောင်းက ကျွန်တော့်ဦးခေါင်းထဲသို့ ရုတ်တရက် ဝင်ရောက်လာခြင်းပင် ဖြစ်လေသည်။

မနေ့ကတော့ တစ်နေ့လုံးနှင့် တစ်ညလုံးလုံး အားစိုက်လိုက်ကြရသဖြင့် လူတွေမှာလည်း ဖေးဖေးလှူပ် ပင်ပန်းသွားလျက် မိုးထိန်ထိန်လင်းလုမတတ် ဖြစ်ခဲ့ရ၏။ သို့ကြောင့် ယနေ့တွင်မူ တစ်နေ့လုံး ဘာမျှလုပ်စရာမရှိကြတော့ဘဲ တစ်ဖွဲ့သားလုံး အနားယူအပန်းဖြေနေကြရသောနေ့ ဖြစ်လေသည်။

ခရီးထွက်ရန်ကလည်း သုံးရက်သာ လိုတော့၏။ အခြားအခြားသောသူများမှာ ခရီးထွက်ရခါနီးမို့ ကိုယ်ရေးကိုယ်တာ စီစဉ်ရန်ကိစ္စများကို အခန့်သင့်ဖြစ်အောင် စီစဉ်ကြ၊ အပြင်အပသို့ သွားကြနှင့် လမ်းသလားနေကြသလောက် ကျွန်တော်သည်သာ မည်သို့သော အကြောင်းထူးမျှ မရှိလှ၍ နေအိမ်ဝယ် တစ်ယောက်ထီးတည်း ငုံးတိတိ ကျန်ရစ်ခဲ့ခြင်းဖြစ်ပေသည်။

အခါတိုင်း ကိုယ့်အလုပ်နှင့် ကိုယ့်အဖွဲ့ကိစ္စထဲတွင် ငြီးငွေ့ရကောင်းမှန်း မသိသော်လည်း ယခုလို တစ်ယောက်တည်း၊ တစ်ဦးတည်း နေရပြန်တော့ စိတ်တွေက လွင့်ပါးလှတော့သည်။ ဤအထဲ မဆိုင်လှသော အကြောင်းတစ်ရပ်က ဦးခေါင်းထဲ ရောက်လာပြန်ချေသည်။ သို့ကြောင့်လည်း ကိုယ်နှင့်မစပ်ဆိုင်သောအကြောင်းကို မေ့ပျောက်စေရန်အတွက် တစ်ပါးသို့ လမ်းလွှဲပေးရလေသည်။

နေ့လယ်ခင်းက ရွာရှိ အမေ့ထံသို့ စာတစ်စောင်ရေး၍ လူကြုံနှင့်ငွေကလေးများပါ ပါးလိုက်ရသည်ကိုလည်း ထပ်မံ၍ စဉ်းစားရပြန်သည်။ ထိုသည့်နောက်တော့လည်း ရွာတွင် အမေနှင့်အတူ ကျန်ရှိရစ်သော နှမငယ်လေး။ အရွယ်အားဖြင့်တော့ ခင်လေးနှင့် သက်တူလောက်ပင် ရှိပေဦးမည်။ ဟိုက ခင်လေးလောက် ကိုယ်ပေါက်ကိုယ်ရောက် မထွားကြိုင်းလှ။ ဒီလိုပင်တွေးလိုက်ရာမှ အတန်ငယ် စောစောကအကြောင်းသည် ဆက်စပ်ကာဝင်ရောက်လာပြန်သည်။ သို့နှင့်ပင် ခေါင်းထဲသို့ ဝင်လာသော မဆိုင်သည့်

mgyoe.com

mgyoe.com


ထိုအကြောင်းက မောင်းထုတ်၍ မရနိုင်ပါချေကလား။

"ဆရာ.... ဆရာဖို့ လက်ဖက်ရည်ကြမ်းနဲ့ လက်ဖက်သုပ်လာပို့တာ...."

ထိုအသံကြောင့် ကျွန်တော်သည် အတွေးကို ရပ်နားကာ အသံလာရာ နောက်သို့ လှည့်ကြည့်လိုက်သည်။ ခင်လေးသည် ကျွန်တော်ထိုင်နေရာ ကွပ်ပျစ်ပေါ်သို့ လက်ဖက်ရည်ကြမ်းဇန်းကို ချလာသည်။ ကျွန်တော်တို့ အငြိမ့်အဖွဲ့ထဲတွင် ကျွန်တော်နှင့် သက်ရွယ်တူများက ဖြစ်စေ၊ ကျွန်တော့် အောက် ငယ်ရွယ်သူများက ဖြစ်စေ ကျွန်တော့်အား နာမည်ကို အခေါ်အဝေါ် နည်းကြလျက် "ဆရာ.... ဆရာ" ဟု ခေါ်ကြသဖြင့် ခင်လေးသည်လည်း အများနည်းတူ သံယောင်လိုက်၍ ကျွန်တော့်အား ဆရာဟု ခေါ်ဟန်တူလေ သည်။

"အေး အေး.... အဲဒီပေါ်မယ်ထားခဲ့ဟဲ့ ခင်လေး" ကျွန်တော်က ဤသို့ ပြောလိုက်သည့်တိုင် ခင်လေးသည် ရပ်နေရာမှ မရွေ့လျားဘဲ ကျွန်တော့် မျက်နှာကိုသာ မျက်လုံးအရွဲသားနှင့် ကြည့်နေပါသည်။

"ထားခဲ့လေ.... နင့်ဇန်းကို...."

ခင်လေးသည် ဤအချိန်အထိ မည်သို့မျှပြန်မပြော။ အိမ်ဘက်သို့ လည်း ပြန်လှည့်မသွား။ လက်ဖက်ရည်ဇန်းကို ကွပ်ပျစ်ပေါ်သို့ ချထားပြီး သည့်တိုင် ကျွန်တော့်မျက်နှာကို စိုက်ကြည့်မြဲ ကြည့်နေရာမှ ခြေစုံရပ်မြဲ ရပ်နေပါသည်။ နောက်တော့လည်း သူ့ကို ကြည့်ရသည်က တစ်စုံတစ်ရာ သောစကားကို ကျွန်တော့်အား ဆိုလိုဟန်ရှိလှပေသည်။

"ငါ့ကို နင် ဘာပြောချင်လို့တုံး...."

ကျွန်တော်က သူ့ကို စကားစပေးလိုက်မိသည်။

"ကျွန်မကို.... သင်.... သင်ပေးပါဆရာရယ်...."

ခင်လေးသည် ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေသည်။

"ဟဲ့.... နင့်ကို ဘာသင်ပေးရမှာလဲ...."

"ကဖို့ပေါ့ဆရာ....၊ ကျွန်မ ကချင်လို့ပါ...."

"ဟေ...."

ကျွန်တော့်မှာ ဟထားသောပါးစပ်ကိုပင် ပြန်မစေ့နိုင်ဘဲ ခင်လေးအား တအံ့တသြ ကြည့်နေမိသည်။ အတန်စောစောအချိန်ကပင် သူ့အကြောင်း

mgyoe.com

mgyoe.com

သူ့ဘဝကို ကျွန်တော်က မဆီမဆိုင် တွေးနေမိရာမှ စိတ်မချမ်းမြေ့ ဖြစ်လိုက်ရသေးသည်။ ယခုမူ ခင်လေးသည် တမြန်နေ့က မောင်ကျော် တွန်းလိုက်သည်ကို အဟုတ်ကြီးထင်မှတ်ကာ ကျွန်တော့်အား အပူလာ၍ကပ်တော့ချေပြီတကား။

"နင်က ဒီဘဝကို အကောင်းချည်းများမှတ်လို့လား ခင်လေး"

"ကျွန်မကို ကြီးတော်က ဒီအိမ်မယ်သွားနေ၊ နင်ဖြစ်ချင်တဲ့ အငြိမ့်သမ ဖြစ်မှာပဲတဲ့"

ခင်လေး၏အသံမှာ ဝမ်းနည်းသံနှင့် ငိုသံများ ရောနှောနေသည်ဟု ထင်ရပါသည်။ ကျွန်တော်သည် သူ့အဖြစ် သူ့အပြောကို ကြည့်ကာ ရင်ထဲတွင် နင့်ဆို့ဆို့ ဖြစ်မိပေသည်။

"သဘင်သည်အလုပ်ဆိုတာ မကောင်းပါဘူး ခင်လေးရယ်"

"ကျွန်မ အငြိမ့်သမ မလုပ်ရရင်တော့ ဒီအိမ်မှာလည်း မနေတော့ဘူး။ ရွာကိုလည်း မပြန်တော့ဘူး ဆရာရဲ့...."

"ဟ.... နေပါဦး၊ နင့်ကို အငြိမ့်သမဖြစ်မယ်လို့ ဘယ်သူက ပြောလို့တုံး...."

"သူတို့ကပြောတာပဲ ဆရာရဲ့...."

"သူတို့ဆိုတာက ဘယ်သူလဲ"

"ကြီးတော်ကကော ဦးကြီးဦးချစ်ဖွယ်ကကော ပြောတာပါပဲ"

ခင်လေးသည် ပြောရင်း ပြောရင်းမှပင် အသံကလေးများ တုန်တုန်ယင်ယင် ဖြစ်နေရှာသည်။ နောက်တော့လည်း သူ့မျက်လုံးအိမ်ဖျားမှ မျက်ရည်တို့မှာ ပါးနှစ်ပြင်ပေါ်သို့ သွယ်တန်းကာ စီးဆင်းလာသည်။

ကျွန်တော်က သူ့ကို ဘာပြောရမည် မသိလောက်အောင် ခေါင်းရှုပ်သွားရပေသည်။ တကယ်လို့သာ ဤအချိန် ဤအခါမျိုးတွင် စိတ်ပျက်စရာအကြောင်းတွေကို ပြောလိုက်မည်ဆိုပါက ကျွန်တော့်အနေနှင့် မထောင်းသာလှသော်လည်း မလိမ်မိုးမလိမ္မာ အရွယ်မျှသာရှိသေးရှာသော ခင်လေးတစ်ယောက်မှာ သူထင်ရာ သူ စွတ်စိုင်းလေမည်ကိုလည်း ကျွန်တော်က တွေးပူမိပါသည်။ သို့များကြောင့်ပင် နောင်ခါကျမှ နောင်ခါရောက်သား၊ ယခုများဖြင့် နားမှ အေးစေတော့ဟူသောသဘောဖြင့် သူ၏ စိတ်ချမ်းသာစေ

mgyoe.com

mgyoe.com

မှုကို မနှစ်မြို့ဘဲ ဖြေသိမ့်ရပေသည်။

"ကဲ.... ဒီလိုဆိုရင် ဆရာ ဒီတစ်ခါခရီးထွက်ရာက ပြန်လာတော့ အကျအနသင်ပေးမယ်ဟုတ်လား....၊ နင်ကလည်း ကြိုးစား၊ နောက်ပြီးတော့ စိန်လုကြည်တို့၊ စိန်မြသန်းတို့ က,တာဆိုတာတွေကိုလည်း နည်းယူအတုခိုးကြားလား"

"ဟုတ်ကဲ့ပါ ဆရာရယ်၊ ကျွန်မလည်း ရွာမယ်နေတုန်းက ဘုန်းကြီးပျံတို့၊ အလှူအိမ်တို့မယ် ခဏခဏ လိုက်ကဖူးပါတယ် ဆရာ၊ ကျွန်မတို့ရွာက သူကြီး ဦးဖိုးချက်ကြီးကတောင် ကျွန်မကို အငြိမ့်သမဖြစ်မှာပဲတဲ့"

ထိုအခါကျမှပင် သူ၏ မျက်နှာကလေးမှာ ရွှင်ရွှင်ပျပျဖြစ်သွားတော့လျက် အိမ်ဘက်ကို ပြန်လှည့်သွားပါတော့သည်။ ။

* * *

ကျိုက်လတ်နှင့် ကျုံမငေးတွင် ပွဲ ၄ ချီ ဝင်ခဲ့ပြီးနောက် ကျွန်တော်တို့သည် ဖျာပုံနှင့် ဒေးဒရဲနယ်ဘက်သို့ ကူးခဲ့ရပါသည်။ ဦးချစ်ဖွယ်မှာ စိန်မြသန်းတို့အဖွဲ့အတွက် အိမ်တွင် ကျန်နေခဲ့သဖြင့် ကျွန်တော်တို့နှင့် ပါမလာခဲ့ပါ။

ဒေးဒရဲတွင် ဆွမ်းတော်ကြီးကပ်ပွဲအတွက် ၃ ချီ ပွဲဝင်ရမည်ဖြစ်လေရာ ပွဲတစ်ညကပြီးသော နောက်တစ်နေ့နံနက်တွင် ဦးချစ်ဖွယ်ထံမှ ပေးသောစာတစ်စောင်သည် ကျွန်တော့်ထံ ရောက်လာခဲ့ပါသည်။

ဦးချစ်ဖွယ်၏ စာပါအကြောင်းအရာကို ဖတ်ပြီးသည့်အခါ၌မူ ကျွန်တော်သည် သက်ပြင်းတရှူချလိုက်မိသည်။ တကယ်ဆိုတော့ ဤအကြောင်း ဤအဖြစ်ရပ်သည် ဆန်းပြားလှသည်ဟု မဆိုသာသော်လည်း ဤမဆန်းပြားသော ဖြစ်ရပ်ကိုပင် ကျွန်တော့်အနေနှင့်က အထူးအထွေဟု မှတ်ယူနေမိပေသည်။

"ဟော့.... မောင်ကျော်၊ ဦးချစ်ဖွယ်ဆီက စာကို ဖတ်ကြည့်ပါဦးကွဲ့။ မင့် ဘုတ်ဆုံမတစ်ယောက်တော့ သူ့ဆန္ဒပြည့်သွားလေရဲ့...."

ကျွန်တော်သည် အနီးရှိ မောင်ကျော်အား စာကို လှမ်းပေးလိုက်သည်။ အတန်ငယ်သော အချိန်ပိုင်း၌ပင် ကျွန်တော်နှင့် မောင်ကျော်ရှိရာသို့

mgyoe.com

mgyoe.com


အဖွဲ့သားများ ဝိုင်းအုံလာကြတော့သည်။ နောက်တော့ ဦးချစ်ဖွယ်ထံမှ စာကို အလုအယက် ဝိုင်းအုံဖတ်ကြပြန်သည်။

"နေကြစမ်းပါဦးဗျာ၊ ကဲ.... ကျွန်တော် ဖတ်ပြပါမယ်"

ထိုသို့ ပြောလိုက်ပြီး မောင်ကျော်သည် ဦးချစ်ဖွယ်စာမှ နောက်ဆုံး စာပိုဒ်နှစ်ပိုဒ်ကို ဝိုင်းအုံနေသော အဖွဲ့သားများအား ခပ်ကျယ်ကျယ် ဖတ်ပြလေသည်။

"ခင်လေးကိုလည်း စိန်မြသန်းတို့အဖွဲ့ထဲမယ် လက်ထောက်အဖြစ် ထည့်ထားရတယ်။ အတော်လေးတော့ ဟန်ပုံရပါတယ်။ သူက ဟိုတုန်းက လည်း အစအနရှိဖူးတော့ သိပ်မညံ့လှပါ။ သူတို့အဖွဲ့အတွက် တန်ဆောင်မုန်း လဆန်းရက်လောက်ကစပြီး စရန်လက်ခံနိုင်လိမ့်မယ်ထင်ပါတယ်"

ရေပြောင်းရေလဲဖြစ်၍ ကျန်းမာရေးအတွက် အစားအသောက် အနေအထိုင်ကို အားလုံးပဲ ဆင်ခြင်ကြပါ။ အိမ်မှာတော့ တစ်ယောက်မကျန် နေကောင်းထိုင်သာ ရှိကြပါတယ်။ အားလုံး ကျန်းမာချမ်းသာစွာနှင့် အစစ အဆင်ပြေညီညွတ်ကြပါစေ"

"တို့များ အထင်သားပဲ။ ဒီကောင်မလေးတော့ အငြိမ့်သမ ဖြစ်ရမယ် လို့"

"ကောင်းပါတယ်၊ သူကိုယ်တိုင်ကလည်း အငြိမ့်သမရူး ရူးနေတာ"

"ငါတို့များ အဖွဲ့ထဲ မရောက်လာတာပဲ တော်သေးသဟ။ လူသစ်နဲ့ တွဲရတာများ တချို့နယ်တွေကျတော့ သိပ်စိတ်ပျက်စရာ ကောင်းလှသကွာ"

သူတစ်ခွန်း ငါတစ်ခွန်းဆိုသလို တစ်ယောက်တစ်မျိုးနှင့် ထင်မြင် ချက်တွေအမျိုးမျိုးပေးကြ၊ ပြောကြကာ လူအုပ်ကွဲ၍ သွားကြသော်လည်း ကျွန်တော့်မှာမူ ဦးချစ်ဖွယ်၏ စာကို ဖတ်ပြီးချိန်မှစ၍ပင် နှမကလေး တစ်ယောက်အသွင် သနားကရုဏာသက်ခဲ့မိသော ခင်လေးအတွက် အတွေး နယ်တော့ ချဲ့ထွင်နေမိပါသည်။

ဒေးဒရဲမှ ၃ – ချီပွဲ ပြီးသည့်နောက် ကျန်ပွဲဆက်များက ရက်ချိန်း ဝေးသေးသဖြင့် ကျွန်တော်တို့အဖွဲ့သည် အိမ်ဘက်သို့ လှည့်ပြန်ခဲ့ကြလေ သည်။ ထိုကဲ့သို့ ပြန်ခဲ့၍ နေအိမ်သို့ ရောက်မဆိုက်ဘဲ၌ပင် အံ့ဩဖွယ်ကောင်း လှသော မြင်ကွင်းတစ်ရပ်ကိုလည်း ကျွန်တော်သည် မြင်တွေ့ရပါသည်။

mgyoe.com